# မြန်မာ့နိုင်ငံရေး သုခမိန်



မောင်ထင်

# စီစဉ်သူရဲ့ အမှာ

အဖေ မကွယ်လွန်ခင်က ရေး ခဲ့တဲ့ စာမူတွေ က စာအုပ်အ ဖြစ် ထွက်ရှိခဲ့တာရှိသလို၊ စာတစ်အုပ်ပေတစ်ထုပ်အ ဖြစ် ထွက်မလာနိုင်ခဲ့တဲ့ စာမူတွေ ရှိနေဆဲပါပဲ။ ထွက်ရှိပြီး စာအုပ်တွေ မှာ လည်း ခေတ်ကာလ အခြေအနေကြောင့် ပြည့်ပြည့်စုံစုံ ဖော်ပြခွင့်မရခဲ့ဘဲ ဖြတ်တောက်ခံရတဲ့ စာတွေ ရှိခဲ့ပါတယ်။ ယခုအခါမှာ တော့ ဖြတ်တောက်နုတ်ပယ်မှု မရှိဘဲ အဖေ့ရဲ့ မူရင်းရေး သားခဲ့တုန်းကအတိုင်း ပြည့်ပြည့်စုံစုံနဲ့ ထုတ်ဝေ လိုက်နိုင်ပြီ ဖြစ်တဲ့ မြန်မာ့နိုင်ငံရေး သုခမိန်စာအုပ်ဟာ ၁၉၆၅ ခုမှာ ပထမ အကြိမ် ထုတ်ဝေခွင့်ရပြီးနောက် ၄၅ နှစ် ကြာမှ ဒုတိယအကြိမ် ထုတ်ဝေ ခွင့် ရခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် ထုတ်ဝေခွင့်ရတဲ့အချိန် မှာ တော့ ပထမအကြိမ် ထုတ်ဝေစဉ်က ဖော်ပြခဲ့တဲ့ စာမူအချို့ဟာ ဖြတ်တောက်နုတ်ပယ်ခံခဲ့ရပြန်ပါတယ်။ ဒါတင်မကဘဲ ထပ်မံ ဖြည့်စွက် ခဲ့တဲ့ စာမူအချို့ပါ နုတ်ပယ်ခံခဲ့ရပါတယ်။

အခု တတိယအကြိမ် (၂၀၁၄) ထုတ်ဝေချိန်မှာ တော့ ပထမအကြိမ် (၁၉၆၅)နဲ့ ဒုတိယအကြိမ် (၂၀၁၀)ခုနှစ် ထုတ်ဝေစဉ်က နုတ်ပယ်ခံခဲ့ရတဲ့ စာမူတွေ အပြင် နောက်ပိုင်းမှာ အဖေ ဆက်လက်ရေး သားခဲ့တဲ့ ဆောင်းပါး တွေ ဖြစ်တဲ့ လူငယ်တို့၏ ရှေ့ဆောင်ပုဂ္ဂိုလ်(ရှေ့ဆောင်လူငယ်ဂျာနယ်၊ ဇူလိုင်၊ ၁၉၆၆)၊ ဗိုလ်ချုပ်၏ စိတ်ကူးနှင့် လက်တွေ့(မြဝတီမဂ္ဂဇင်း၊ စီစဉ်သူရဲ့ အမှာ

အဖေ မကွယ်လွန်ခင်က ရေး ခဲ့တဲ့ စာမူတွေ က စာအုပ်အ ဖြစ် ထွက်ရှိခဲ့တာရှိသလို၊ စာတစ်အုပ်ပေတစ်ထုပ်အ ဖြစ် ထွက်မလာနိုင်ခဲ့တဲ့ စာမူတွေ ရှိနေဆဲပါပဲ။ ထွက်ရှိပြီး စာအုပ်တွေ မှာ လည်း ခေတ်ကာလ အခြေအနေကြောင့် ပြည့်ပြည့်စုံစုံ ဖော်ပြခွင့်မရခဲ့ဘဲ ဖြတ်တောက်ခံရတဲ့ စာတွေ ရှိခဲ့ပါတယ်။ ယခုအခါမှာ တော့ ဖြတ်တောက်နုတ်ပယ်မှု မရှိဘဲ အဖေ့ရဲ့ မူရင်းရေး သားခဲ့တုန်းကအတိုင်း ပြည့်ပြည့်စုံစုံနဲ့ ထုတ်ဝေ လိုက်နိုင်ပြီ ဖြစ်တဲ့ မြန်မာ့နိုင်ငံရေး သုခမိန်စာအုပ်ဟာ ၁၉၆၅ ခုမှာ ပထမ အကြိမ် ထုတ်ဝေခွင့်ရပြီးနောက် ၄၅ နှစ် ကြာမှ ဒုတိယအကြိမ် ထုတ်ဝေ ခွင့် ရခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်

ဒုတိယအကြိမ် ထုတ်ဝေခွင့်ရတဲ့အချိန် မှာ တော့ ပထမအကြိမ် ထုတ်ဝေစဉ်က ဖော်ပြခဲ့တဲ့ စာမူအချို့ဟာ ဖြတ်တောက်နုတ်ပယ်ခံခဲ့ရပြန်ပါတယ်။ ဒါတင်မကဘဲ ထပ်မံ ဖြည့်စွက် ခဲ့တဲ့ စာမူအချို့ပါ နုတ်ပယ်ခံခဲ့ရပါတယ်။

အခု တတိယအကြိမ် (၂၀၁၄) ထုတ်ဝေချိန်မှာ တော့ ပထမအကြိမ် (၁၉၆၅)နဲ့ ဒုတိယအကြိမ် (၂၀၁၀)ခုနှစ် ထုတ်ဝေစဉ်က နုတ်ပယ်ခံခဲ့ရတဲ့ စာမူတွေ အပြင် နောက်ပိုင်းမှာ အဖေ ဆက်လက်ရေး သားခဲ့တဲ့ ဆောင်းပါး တွေ ဖြစ်တဲ့ လူငယ်တို့၏ ရှေ့ဆောင်ပုဂ္ဂိုလ်(ရှေ့ဆောင်လူငယ်ဂျာနယ်၊ ရူလိုင်၊ ၁၉၆၆)၊ ဗိုလ်ချုပ်၏ စိတ်ကူးနှင့် လက်တွေ့(မြဝတီမဂ္ဂဇင်း၊ ရူလိုင်၊ ၁၉၆၇)၊ အာရှနှင့် အောင်ဆန်း (မြဝတီမဂ္ဂဇင်း၊ ရူလိုင်၊ ၁၉၇၀)၊ မိုးပြိုသော နေ့ (ငွေတာရီမဂ္ဂဇင်း၊ ရူလိုင်၊ ၁၉၇၀)၊ ဆရာမြ (မြဝတီမဂ္ဂဇင်း၊ ရူလိုင်၊ ၁၉၇၂)၊ အာဇာနည်တို့၏ အလုပ် (လုပ်သားဂျာနယ်၊ ရူလိုင်၊ ၁၉၈၇)၊ ဗိုလ်ချုပ်ကို ရည်စူး၍ ငါတို့ဘာတွေ လုပ်နေကြသလဲ (စစ်ပြန် မဂ္ဂဇင်း၊ ရူလိုင်၊ ၁၉၈၇)၊ အာဇာနည်တို့၏ ခိုင်မာသော ခွဲသတ္တိ (စစ်ပြန် မဂ္ဂဇင်း၊ ရူလိုင်၊ ၁၉၈၈) တို့ကို တတိယအကြိမ်မှာ ထပ်မံဖြည့်စွက် ဖော်ပြပေးလိုက် ပါတယ်။

စာရေး သူရဲ့ စကားချီးနဲ့ပတ်သက်ပြီး ပထမအကြိမ် ပုံနှိပ်စဉ်က စကားချီးနဲ့ နောက်ဆက်တွဲ စကားမှာ အခုလို ဖော်ပြထားပါတယ်။

"အထက်တွင် ဖော်ပြထားသော စာရေး သူ၏ စကားချီးနှင့်တကွ ရည်ညွှန်းချက်စာတမ်းကို ပုံနှိပ်သူတို့က အချိန်မမီဟုဆို၍ ချန်ထားရစ်ခဲ့ ကြပါတယ်။

........................................ ................................................ ...............................................

မဂ္ဂဇင်းဆောင်းပါးဆိုသည်မှာ စာဖတ်သူပရိသတ်တို့၏ တဒင်္ဂ လိုအင်ကိုကြည့်၍ တစ်လအဖို့တစ်လ ရေး ရသော သဘောရှိသည်။ ထို ဆောင်းပါးများ ကို ပြန်လည်စုစည်း၍ ထုတ်ဝေလိုက်သော အခါ၊ ရှေ့နောက် အဆက်အစပ်နှင့်တကွ အကျူးအကြောင်းသင့်မြတ်အောင် 'သီ'၍ ပေးရ စမြဲ ဖြစ်ပါသည်။ ထိုအခါ အချီးနိဒါန်းဥယျောဇဉ် စသည်တို့သည် အမှန်ပင် လိုအပ်လှပါသည်။ သို့ရာတွင် အကြောင်းမညီညွတ်သော ကြောင့် စာရေး သူ၏ စကားချီးကို ချန်လှပ်ထားရသည်ဆိုသော အခါ၊ စာဖတ်သူတို့

သဘောပေါက်ကြပါစေဟူသော စာရေး သူ၏ စေတနာသည် အထမြောက် သင့်သလောက် မမြောက်ခဲ့ပါ။ ယခု အဆိုပါ စကားချီးကို ပြန်လည် ထုတ်ဖော်ခွင့်ရသဖြင့် သက်ဆိုင်သူ မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူး တင်ရှိပါသည်"

လို့ ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် စာရေး သူ၏ စကားချီးကို အသစ်ပြန်လည်ရေး သား ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ပထမအကြိမ် ထုတ်ဝေစဉ်က စာရေး သူ၏ စကားချီးကို ၁၉၆၅၊ ဇူလိုင်လ ၃၁ ရက် နေ့စွဲနဲ့ ရေး သားခဲ့ပါတယ်။ နောက်ဆက်တွဲ စကားကို ၁၉၇၉၊ နိုဝင်ဘာလ ၁၅ ရက် နေ့စွဲနဲ့ ရေး သားခဲ့ပါတယ်။ အဖေမကွယ် လွန်မီ နောက်ဆုံးရေး ခဲ့တဲ့ စကားချီးကိုတော့ ၁၉၉၉၊ နိုဝင်ဘာလ ၁၂ ရက် နေ့စွဲနဲ့ ရေး သားထားခဲ့တာကို တွေ့ရပါတယ်။

နောက်ဆုံးရေး ခဲ့တဲ့ စကားချီးကို ဒုတိယအကြိမ် ပုံနှိပ်စဉ်က ထည့်သွင်းဖော်ပြ ဖြစ်ခဲ့ပါတယ်။ အခု တတိယအကြိမ် ပုံနှိပ်ထုတ်ဝေဖို့ စီစဉ်ခဲ့တဲ့အခါမှာ စကားချီးသုံးခုစလုံးကို စာဖတ်သူတွေ လေ့လာဖတ်ရှု နိုင်ဖို့ ရည်ရွယ်ပြီး ထည့်သွင်းဖော်ပြပေးလိုက် ပါတယ်။

မူလ ကတော့ ပထမပုံနှိပ်ခြင်း စာမူအတွက် ရေး ထားတဲ့ စကားချီး ကို ချန်လှပ်ထားခဲ့ဖို့ပါပဲ။ အဲဒီ လို ချန်လှပ်ထားရင် အဖေ့ရဲ့ စာမူဟာ လက်နှိပ်စက်စာမူ၊ လက်ရေး မူကြမ်းအ ဖြစ်နဲ့ပဲ ပျောက်ပျက်သွားဖို့ရာ ရှိပါတယ်။ ဒါကြောင့် မို့ မှတ်တမ်းမှတ်ရာတစ်ခုအ ဖြစ် တစ်စုတစ်စည်း တည်း ဖြစ်စေလိုတဲ့ဆန္ဒရှိတာတစ်ကြောင်း၊ အဖေ့ရဲ့ စေတနာ အထ မြောက်စေချင်တာ တစ်ကြောင်းတို့ကြောင့် စာရေး သူရဲ့ စကားချီးသုံးခု စလုံးကို ဒီစာအုပ်မှာ တပေါင်းတစည်းတည်း ထည့်သွင်းဖော်ပြပေး လိုက်ပါတယ်။

ညီတိုး

အင်းစိန်မြို့ နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊

၂၀၁၃၊ ဒီဇင်ဘာလ ၁၅ ရက်။

*

## စာရေး သူ၏ စကားချီး

သတင်းစာအလုပ်သည် သမိုင်းသုတေသီတို့၏ အလုပ်နှင့် အမျိုး တော် ပါသည်။ သတင်းစာသမားသည် နေ့စဉ် လူတို့၏ ဖြစ်စဉ်ကိုရှု၍ အတိတ်က ကံအကြောင်းတရားသည် ပစ္စုပ္ပန်၌ မည် သို့ အကျိုးပေး သနည်းဟူသော အချက်ကို မှတ်တမ်းတင်ရပါသည်။ ဤသို့ မှတ်တမ်း တင်ရင်းနှင့် အနာဂတ်ကိုလည်း မျှော်၍ ကြည့်ရပါသည်။

ထို့ကြောင့် အတိတ်သည် ပစ္စုပ္ပန်၌ မည် သို့ အကျိုးသက်ရောက် သည်ဟူသော သမိုင်း ဖြစ်စဉ်ကို သမိုင်းအသိဉာဏ်ဖြင့် ယှဉ်၍ ဆင်ခြင် သုံးသပ်လိုသူတို့ အဖို့ ဤဆောင်းပါးများ သည် အထောက်အပံ့ ဖြစ် ကောင်း ဖြစ်ပေလိမ့်မည် ဟု သဘောရရှိခြင်းကြောင့် ၊ စာရေး သူသည် လွန်ခဲ့သော သုံးနှစ် ကျော်ခန့်ကပင်လျှင် ဆောင်းပါးများ ကို တပေါင်း တည်း ပြု၍ စာတစ်အုပ်အ ဖြစ် ထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။ သို့ ရာတွင် အကြောင်းအခွင့် မကြုံခဲ့သော ကြောင့်၊ ယခုမှသာ ထိထိရောက်ရောက် ပုံနှိပ်ထုတ်ဝေခြင်း ပြုရပါသည်။

ယင်းသို့ ပုံနှိပ်ထုတ်ဝေရန် လုံ့လပြုသည့်အခါ၊ အရာခပ်သိမ်း၌ အဆင်ပြေအောင် ကူညီစောင်မ အားပေးကြသော မိတ်ဆွေသင်္ဂဟ အပေါင်းတို့ကို ကျေးဇူးတင်ရှိပါကြောင်း ရှေးဦးစွာ မှတ်တမ်းတင်လို ပါသည်။

ယခု ဆောင်းပါးများ နှင့် ဆိုင်သော ပုံနှိပ်ထုတ်ဝေခြင်း အချက် အလက်တို့ကို မှတ်တမ်းတင်ရလျှင်၊ မျိုးချစ်စိတ်၏ အစ (နိုဝင်ဘာ ၁၉၄၀)၊ နောက်ဆုံးည (ဇူလိုင် ၁၉၅၃)၊ အတိတ်ကိုဆောင်ရသော် (စက်တင်ဘာ၊ ၁၉၅၃)၊ အကြောက်နိုင်ငံရေး (ဇွန် ၁၉၅၀) ဟူသော ဆောင်းပါးတို့ကို ရှုမဝမဂ္ဂဇင်း၌ ရေး ခဲ့ပါသည်။ ဗမာ့အောင်ဆန်း ပ၊ ဒု၊ တ သုံးပိုင်းစလုံးကို

၁၉၅၂ ဩဂုတ်လမှ အောက်တိုဘာလအိ သွေးသောက်မဂ္ဂဇင်း၌ ထည့် သွင်းဖော်ပြခဲ့ပါသည်။ ယင်းဆောင်းပါးမှာ ဗိုလ်သိမ်းဆွေအား အကြောင်း ပြု၍ ရေး သော ဆောင်းပါး ဖြစ်ပါသည်။ မြန်မာ့လူမှု တော်လှန်ရေး သို့ ဟူသော ဆောင်းပါးသည် ၁၉၅၀ ဧပြီလ ပေဖူးလွှာ မဂ္ဂဇင်းတွင် ရေး သော ဆောင်းပါး ဖြစ်ပါသည်။ ကျန်ဆောင်းပါးအားလုံးကိုကား မြဝတီ မဂ္ဂဇင်းတွင် ရေး သားပါသည်။ ယင်းဆောင်းပါးများ ကို ရက်စွဲထိုးရလျှင်၊ ဗိုလ်ချု ပ်ဘာကိုတိုက်ခဲ့သနည်း-ဇန်နဝါရီလ ၁၉၅၃၊ ထသော သူ ထိုင်ရသည်-ဖေဖော်ဝါရီ ၁၉၅၃၊ တော်လှန်ရေး -ဖေဖော်ဝါရီ ၁၉၅၅၊ ဗမာ့နိုင်ငံရေး သုခမိန်-ဩဂုတ် ၁၉၅၅၊ ဗိုလ်ချုပ်၏ ခေါင်းဆောင် အင်္ဂါ-ဇူလိုင် ၁၉၅၆၊ အနာဂတ် မြန်မာ့နိုင်ငံရေး -မေ ၁၉၅၉၊ ဗိုလ်ချုပ် အောင်ဆန်းကို မှတ်မိကြသေးရဲ့ လား-မတ် ၁၉၆၁ ဟူ၍ ဖြစ်ပါသည်။

ခေတ်၏ အာဘော်ကို ဖော်ထုတ်ရာ၌ ဖော်ထုတ်သူ၏ အကြား အမြင် အတွေ့အကြုံတို့ကို အခြေပြုကာ တွေးဆသော ထင်မြင်ချက်တို့ သည် ပါဝင်စမြဲ ဖြစ်သည်။ ထိုထင်မြင်ချက်တို့သည် ပုဂ္ဂလဓိဋ္ဌာန်ကျလျှင် သမိုင်းပညာရှင်တို့ မနှစ်သက် နိုင် ဖြစ်တတ်ကြသည်။ ဓမ္မဓိဋ္ဌာန်ကျလျှင် မူကား သမိုင်းရေး ရာ၌ အထောက်အပံ့ရသည်ဟု ယူဆကြပေမည် ။ ဤဆောင်းပါးများ ၌ စာရေး သူသည် ဓမ္မဓိဋ္ဌာန်ဖြင့် ရေး ခဲ့ပါသည်။ သို့ ပါ သော်ငြားလည်း စာရေး သူသည် ပုထုဇဉ် ဖြစ်ပါသည်။ ထို့ကြောင့် ပမာ ဒလေခနှင့် ကင်းသော်မှ ကင်းပေလိမ့်မည် ။ သို့ သော် စာရေး သူ၏ စေတနာကို ချင့်ချိန်နိုင်ကြပါလျှင်၊ ထိုပမာဒလေခတို့မှာ ပညာ့ရှင်တို့ ခွင့်မလွှတ်နိုင်သော ပမာဒလေခမျိုး ဖြစ်လိမ့်မည် မဟုတ်ဟု ယုံကြည်မိ ပါသည်။

ခေတ်ကို တစ်နှစ် စီ တစ်နှစ် စီ ပိုင်းခြား၍ အနှစ်တ် လေ့လာသုံးသပ် ထားသော ကိစ္စ၌ မနေ့ကအမြင်ကို ယနေ့အမြင်ကဲ့သို့ လေ့နံ့ဓားထစ် မစွဲလမ်းသင့်ချေ။ ဤလောက၌ ထင်မြင်ချက်ဟူသည်မှာ ပြုပြင်ခြင်း သင်္ခါရနှင့် မကင်းနိုင်။ ရှေးက ကျွန်ုပ်တို့သည် ကမ္ဘာပြားသည်ဟု ထင်မြင် ခဲ့၏ ။ သို့ သော် သိပ္ပံပညာ ဖွံ့ဖြိုး လာသော အခါ 'ကမ္ဘာလုံးသည်'ဟူသော ထင်မြင် ချက်သည် လွှမ်းမိုးလာခဲ့ပြီ။ အနာဂတ်၌ ကမ္ဘာသည် မလုံးမပြား သစ်တော် သီးကဲ့သို့ ဖင်ချွန်းသည်ဟု ဆိုကြဦးတော့မည် ။ ထို့ကြောင့်

ပရမတ်မဟုတ်သော ကိစ္စကို ပရမတ်ဟူ၍ တမ်းတမ်းစွဲမပြုဘဲ အဓိက အချက်ကိုသာ ပဓာနပြု ကြပါရန် တိုက်တွန်းလိုပါသည်။ ဤစာ၌ ကျွန်ုပ် တို့၏ အလေးအမြတ်ပြုခြင်းကို ခံယူထိုက်သော အာဇာနည်သူရဲကောင်း ကြီးက နိုင်ငံအတွက် ဆောင်ရွက်ရာ၌ သမ္မာကမ္မန္တ ဖြစ်အောင် ဆောင် ရွက်ဖို့ရာ လမ်းညွှန်ပြခဲ့သည့် အနက်အဓိပ္ပာယ်သည်သာလျှင် အမွန် မြတ်ဆုံး ဖြစ်ချေသည်။

ဤရောက်ဆဲခေတ်၏ သဘောသည် နိုင်ငံရေး သုခမိန်ခေတ်သို့ မျက်မှော က်ပြု နေသော သဘောရှိသည်။ ဤစာသည် ထိုခေတ်ကို မြော် သော စာ ဖြစ်လေရာ၊ ဤခေတ်၏ ရင်နှစ် သည်းချာတို့အတွက် သမ္မာ သင်္ကပ္ပနှင့် ပြည့်စုံစေဖို့ရာ တစ်လက်ဆွမ်းမျှပင် အထောက်အပံ့ပြုနိုင် သည်ဟုဆိုလျှင်၊ ဤစာကိုရေး ရကျိုးနပ်ပြီဟု ဝမ်းမြောက်ရဖို့သာ ရှိပါ တော့သည်။

မောင်ထင်<br>ရန်ကုန်မြို့<br>၁၉၆၅ ဇူလိုင် ၃၁။

*

# နောက်ဆက်တွဲ စကား

ဤ "ဗမာ့နိုင်ငံရေး သုခမိန်"ကို ၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေခဲ့စဉ်က အထက်တွင် ဖော်ပြထားသော စာရေး သူ၏ စကားချီးနှင့် တကွ ရည်ညွှန်းချက် စာတမ်းကို ပုံနှိပ်သူတို့က အချိန်မမီဟုဆို၍ ချန်ထားရစ်ခဲ့ကြပါသည်။

မူလက ဤစာတွင် ဆောင်းပါး ၁၅ ပုဒ်သာ ပါပါသည်။ ယခု ထပ်မံ၍

ဆောင်းပါးသုံးပုဒ်ကို ဖြည့်စွက်ထားပါသည်။ ထိုဆောင်းပါးများ မှာ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော "အာရှ နှင့် အောင်ဆန်း"၊ ထိုနှစ် ထိုလ၌ ပင် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော "မိုးပြိုသော နေ့"၊ ၁၉၇၂ ခုနှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော "ဆရာမြ"ဟူ၍ ဖြစ်ပါသည်။ စာရေး သူသည် ထိုဆောင်းပါး တို့ကို ရေး စဉ်က မြန်မာတို့၏ နိုင်ငံရေး သုခမိန်ဟူသော သဘောတရားနှင့် ဆက်စပ်အကျုံး ဝင်အောင် ရေး ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ယင်းတို့ကို ယခုကဲ့သို့ ဖြည့်စွက်လိုက်ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ထပ်မံဖြည့်စွက်၍ ထုတ်ဝေရာ၌ ယခင် ပုံနှိပ်စဉ်က စာကျခြင်း၊ အမှား အယွင်းပမာဒလေခတို့ကို အမှန်ရောက်အောင် ပြုပြင် ပါသည်။ မူလအာဘော်ကား မပျက်စေရပါ။

သတ်ပုံသတ်ညွှန်းကို "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"၏ ရေး ထုံး အတိုင်း ပြန်လည်ပြုပြင်ထားပါသည်။ သို့ နှင့် လည်း ပုထုဇဉ်တို့ဓမ္မတာ လစ်ဟင်းချက်များ ရှိကောင်းရှိပါလိမ့်မည် ။ ယင်းတို့ကို တွေ့ရှိသော် စာဖတ်သူတို့က ယောနိသော မနသိကာရဖြင့် မိမိတို့ဘာသာမိမိတို့ ပြင်ဆင် ဖတ်ရှုကြရန် မေတ္တာရပ်ခံပါသည်။

မောင်ထင်<br><br>ရန်ကုန်မြို့<br><br>၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်။

*

# မကွယ်လွန်မီ နောက်ဆုံးရေး ခဲ့သော

# စကားချီး

စာရေး သူသည် ၁၉၄၈ ခုနှစ် မှ ၁၉၆၁ ခုနှစ် အတွင်း မဂ္ဂဇင်း အသီးသီးတို့တွင် ရေး သားခဲ့သော ဆောင်းပါး ၁၅ ပုဒ်တို့ကို စုစည်း၍ ၊ ၁၉၆၅ ခုနှစ် အောက်တိုဘာလတွင် ''ဗမာ့နိုင်ငံရေး သုခမိန်''ဟူသော အမည် ဖြင့် နှလုံးလှစာပေတိုက်မှတစ်ဆင့် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစဉ်က စာရေး သူသည် စာအုပ်ထုတ်ဝေခြင်းအင်္ဂါနှင့် အညီ စကားချီး ကို ရေး ပေးခဲ့ပါ၏ ။ သို့ သော် ပုံနှိပ်ခြင်းဆိုင်ရာတို့က အချိန်မမီဟုဆို၍ စကားချီးကို ချန်လှပ်ပြီး၊ ဆောင်းပါးချည်းသက်သက်ကို ပုံနှိပ်ထုတ်ဝေခဲ့ ပါသည်။

ယေဘုယျအားဖြင့် စကားချီးဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း နှင့် ဆိုင်သော မှတ်တမ်း ဖြစ်လေရာ၊ သူမပါလည်း ပြီးနိုင်ပါသည်။ သို့ ရာ တွင် စာအုပ်တစ်အုပ်ကို အကြိမ်ကြိမ် ပြန်၍ ရိုက်နှိပ်ရန် အကြောင်း ဆုံလာလျှင်၊ ထိုစကားချီးသည် ထုတ်ဝေသူတို့အတွက် သာမက၊ စာ ဖတ်သူတို့အတွက်လည်း ဗဟုသုတ ဖြစ်နိုင်ဖွယ်ရှိသည်။

ထို့ကြောင့် ၁၉၇၉ ခုနှစ် ၊ နိုဝင်ဘာလတွင် ဤစာကို ထပ်မံပုံနှိပ် ထုတ်ဝေရန် ကြံစည်၍ ၊ မူလနှင့် သဘာဝ ချင်းတူသော ဆောင်းပါးသုံးပုဒ် ကို နောက်ထပ် ဖြည့်စွက်ပြီးလျှင်၊ စာရေး သူ၏ အာသီသကို ထင်ပေါ်စေ ရန်၊ ယခင်က ပုံနှိပ်ရာ၌ ကျန်ရစ်သော စကားချီးနှင့် နောက်ဆက်တွဲ စကားတို့ကိုလည်း ပါနိုင်လေအောင် စာရေး သူက စီစဉ်ပါသည်။ သို့ ရာတွင် ထိုအချိန်လောက်မှအစပြု၍ စာရေး သူ၌ မျက်စိတိမ်စွဲသော ရောဂါ စွဲကပ် လာပါသည်။ ထို့ကြောင့် ရည်ရွယ်ချက်များ မအောင်မြင်ခဲ့ပါ။

သို့ သော် ယခုအခါ မျက်စိတစ်ဖက် အတန်ငယ်ကောင်းလာပြီ ဖြစ်၍ ယခင်က သိမ်းဆည်းထားသော စာမူကို ပြန်လည်စစ်ဆေးပြီးလျှင် ယခင် မထုတ် ဖြစ်သော ဒုတိယအကြိမ် ပုံနှိပ်ခြင်းစာမူကို ထပ်မံဖြည့်စွက်၍ ပြန်လည် ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

ယခင်က စာအုပ်အမည် ကို ''ဗမာ့နိုင်ငံရေး သုခမိန်''ဟု ပေးခဲ့ပါ၏ ။ သို့ သော် ယခု ရောက်ဆဲခေတ်၌ နှုတ်ပြော ''ဗမာ''ဟူသော ဝေါဟာရနှင့် အရေး အသား ''မြန်မာ''ဟူသော ဝေါဟာရတို့ကို စနစ်တကျ ကတ္တား ခြား၍ ရေး သားလျက်ရှိနေကြသည်။

မြန်မာနိုင်ငံတွင် း၌ မှီတင်းနေထိုင် သော လူများ စုတို့ကို ရည်ညွှန်းပြောဆိုရာ၌ ''ဗမာ''ဟု နှုတ်ပြောအတိုင်း ပြောလည်းပြော၏ ။ ရေး လည်းရေး ၏ ။ သို့ ရာတွင် မြန်မာနိုင်ငံတစ်နိုင်ငံ လုံးကို ရည်ညွှန်းရာ၌ ရုံးထုံးစံနှင့် အညီ ''မြန်မာ''ဟူ၍ တရားဝင် ရေး သား၏ ။ ရေး သည့်အတိုင်းလည်း တရားဝင် နှုတ်ဖြင့် ပြောဆိုကြ၏ ။ ဤကဲ့သို့ အပြောနှင့် အရေး ကို စနစ်တကျ ပိုင်းခြားသော ဤခေတ်တွင် ခေတ်၏ အလိုကိုလိုက်၍ ''မြန်မာ့နိုင်ငံရေး သုခမိန်''ဟု ပြင်ဆင်ပုံနှိပ် လိုက်ပါသည်။

သုခမိန်ဆိုသည်မှာ သဘောတရားအမှန်ကို စူးစမ်းရှာဖွေကြံဆ ထုတ်ဖော်သော ပညာရှင် ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးအလို၌ ကောင်းမြတ်မှန် ကန်သော အမြင်ကို ရှာဖွေသူအား အမြင်ကြည်လင်သူ သမ္မာဒိဋ္ဌိပုဂ္ဂိုလ် ဟူ၍ မှတ်ယူကြပါ၏ ။ နိုင်ငံရေး ဟူသည်မှာ မိမိနိုင်ငံ၏ ကြီးပွားတိုးတက် ငြိမ်းချမ်းသာယာခြင်းကို ဆောင်ရွက်သော လုပ်ငန်း ဖြစ်သည်။ ထိုလုပ်ငန်း ကို ဆောင်ရွက်ရာ၌ နိုင်ငံ၏ ငြိမ်းချမ်းသာယာစေသော လုပ်ငန်းခွင်၌ ကိုယ်ထိလက်ရောက် တာဝန်ဝတ္တရားတို့ကို ဆောင်ရွက်ရသော ပုဂ္ဂိုလ်ကို ယေဘုယျအားဖြင့် နိုင်ငံရေး သမားဟု မှတ်ယူကြသည်။ ထိုပုဂ္ဂိုလ်သည် နိုင်ငံ၏ တိုးတက်ရေး ကို လက်တွေ့ ဆောင်ရွက်သူ ဖြစ်၍ အလွန် အရေး ပါ၏ ။ သို့ ရာတွင် လက်တွေ့ ဆောင်ရွက်ရာ၌ သဘောတရား မှန်ကန်ကောင်းမွန်ခြင်း မရှိလျှင် ကိုယ်ထိလက်ရောက် ဆောင်ရွက်ရာ၌ ပြီးပြည့်စုံခြင်း ရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် နိုင်ငံရေး လုပ်ငန်း၌ လက်တွေ့ ကိုလည်း လုပ်တတ်ရမည် ။ သဘောတရားရေး ရာ၌ လည်း အသိတရားနှင့် ပြည့်စုံရမည် ။ ဤပုဂ္ဂိုလ်နှစ် ဦးစလုံး၏ အလုပ်သည် နိုင်ငံရေး အလုပ် ဖြစ်သော ကြောင့် ၊ ယင်းတို့နှစ် ဦးစလုံးမှာ နိုင်ငံရေး သမား များ ပင် ဖြစ်သည်ဟု သာမညအားဖြင့် မှတ်ယူကြရသည်။ သို့ သော် လက်တွေ့ သမား၏ အလုပ်ကို ကောင်းမွန်မှန်ကန်အောင် ညွှန်ပြသူ မှာ ကား သဘောတရားပြည့်ဝသူ ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို မြန်မာ့အတွေး အခေါ်အရ သုခမိန်ဟု ခေါ်ကြသည်။ ဤသည်တွင် နိုင်ငံရေး ဆောင်ရွက်သူ အလုပ်သမားနှင့် နိုင်ငံရေး သဘောတရားမှန် ကို ကြံဆသူ နိုင်ငံရေး ပညာရှင်ဟူ၍ နိုင်ငံရေး လုပ်ငန်းဆိုင်ရာ သုတေသီ တို့က ပိုင်းခြားသတ်မှတ်သည်။

နိုင်ငံရေး သမားဟူသော ဝေါဟာရနှင့် နိုင်ငံရေး သုခမိန်ဟူသော ဝေါဟာရနှစ်

ခုစလုံးသည် မြန်မာ့ဂန္ထဝင်၌ ဣန္ဒြေနှင့် ပြည့်စုံသော ဝေါဟာရ များ ဖြစ်ကြသည်။ ရှေးခေတ်က ကျွမ်းကျင်သူပုဂ္ဂိုလ်တို့ကို သမားဟု ခေါ်ကြသည်။ ယခုခေတ်၌ ဆေးကုသတတ်သော သူတို့ကို ဆရာဝန်ဟု ခေါ်ကြသည်။ ရှေးက ဆေးသမား(သို့ မဟုတ်) သမားတော် ဟူ၍ ခေါ်ကြ သည်။ ရှေးခေတ်က တွေး ခေါ်မြော်မြင်တတ်သော ပညာရှင်တို့ကို သုခမိန် ဟု ခေါ်ကြသည်။ မြန်မာလို ရိုးရိုးပြောရလျှင် သုခမိန်ဆိုသူသည် ယခု ခေတ် ကထိက ပါမောက္ခများ ကဲ့သို့ အတတ်ပညာနှင့် ပြည့်စုံသူပင် ဖြစ်သည်။ သို့ သော် ကာလဆိုသည်မှာ ရွေ့လျောသော သဘောရှိသည်။ ကာလရွေ့လျောဖန်များ လျှင် ခေတ်ပျက်ဟု ခေါ်ဆိုကြသည်။ ခေတ်ပျက် ထဲသို့ ရောက်သော အခါ အဓိပ္ပာယ်ပြည့်ဝသော ဝေါဟာရတို့သည် ကျွမ်းထိုးမှောက်ခုံ ဖြစ်လာသည်။ ထို့ကြောင့် သမားကို အရက်နှင့် တွဲ လိုက်သော အခါ၊ ယုတ်စွအဆုံး နာမည် ပျက်လာသည်။ သုခမိန်ဟူသော မွန်မြတ်သော အဓိပ္ပာယ်ရှိသည့် ဝေါဟာရသည်ပင်လျှင်၊ ငှါ့ခမိန်ဟု လှူပြက်ပြက်သော စကားမျိုး ဖြစ်လာသည်။ သို့ သော် စာရေး သူသည် အပျက်ကို မျက်မှော က်ပြု၍ ရေး ခြင်းမဟုတ်သော ကြောင့် ၊ သမားဟူသော ဝေါဟာရနှင့် သုခမိန် ဟူသော ဝေါဟာရတို့ကို ခေတ်ပညာရှင်တို့က မှန်ကန်စွာ အသုံးချသွားကြလိမ့်မည် ဟု ယုံကြည်ပါသည်။ အထက်၌ ပြဆိုခဲ့သော အမြင် ကြည်လင်ခြင်းကို မူတည်၍ ကြီးပွားတိုးတက်စေသော လမ်းကို လိုက်ကြမည် ဆိုပါက၊ လောကီအတွက် ပြောရလျှင် မှန်ကန်သော လမ်းစဉ်ကို ကျင့်သော ကြောင့် သမ္မာအာဇီဝ ဖြစ်နိုင်မည် ။ သမ္မာအာဇီဝ ထွန်းကားသော အခါ မနုဿ လောကသည် ငြိမ်းချမ်းသာယာပါလိမ့်မည် ။ စာရေး သူ၏ အရင်းခံစေတနာမှာ နိုင်ငံတော် ၏ ငြိမ်းချမ်းရေး ကို တက်ညီ လက်ညီ တည်ဆောက်ပါစေဟူသော စေတနာ ဖြစ်ပါသည်။

ဤစေတနာဖြင့် ဤစာကို ရေး သားပြုစုရာ၌ စာရေး သူသည် သတင်းစာဆရာတို့၌ ရှိသော အတတ်ပညာကို အသုံးပြုပါသည်။ သတင်း စာဆရာသည် နေ့စဉ် ဖြစ်ပေါ်နေသမျှသော သတင်းအချက်အလက်တို့ကို အမှန်အတိုင်း တင်ပြရသော တာဝန်ကို ထမ်းဆောင်ရသည်။ ဤတာဝန် ကျေအောင် အချက်အလက်တို့ကို စိစစ်လေ့လာရသည်။ ဤသို့ လေ့လာ သော အခါ အချက်အလက်များ ပေါက်ဖွားရာ

ပတ်ဝန်းကျင်ကိုလည်း ကောင်း၊ ထိုပတ်ဝန်းကျင်ထဲ၌ ရှိသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ပတ်ဝန်း ကျင်နှင့် ပုဂ္ဂိုလ်တို့၏ အဆက်အစပ်ကိုလည်းကောင်း၊ ထိုအဆက်အစပ် ကြောင့် ပေါ်ပေါက်လာသော အာဘော်ကိုလည်းကောင်း၊ ထိုအာဘော် ကြောင့် ဖြစ်ပေါ်လာသော အကျိုး-အပြစ်တို့ကိုလည်းကောင်း၊ ပြည်သူတို့ ဉာဏ်ပွင့်စေအောင် လေ့လာရေး သားရသည်။

သတင်းစာလုပ်ငန်းသည် သမိုင်းဆရာတို့၏ လုပ်ငန်းနှင့် အမျိုး တော် ပါသည်။ သတင်းစာဆရာသည် သမိုင်းဝင်အ ဖြစ်အပျက်တို့ကို နေ့စဉ်လိုလို မှတ်တမ်းတင်သည်။ သမိုင်းဆရာသည် သတင်းစာဆရာတို့၏ မှတ်တမ်းကို လေ့လာ၍ ၊ လူတို့၏ နေ့စဉ် ဖြစ်ပျက်နေသော သင်္ခါရဓမ္မ တို့ကို စိစစ်ပြီးလျှင်၊ အတိတ်ကံသည် ပစ္စုပ္ပန်၌ မည် သို့ အကျိုးပေးသည် ကို မှတ်တမ်းတင်ရသည်။ ထိုမှတ်တမ်းကို လေ့လာ၍ အနာဂတ်ကိုလည်း မျှော်ကြည့်ရသည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့၏ ကွင်းဆက်ကို သမိုင်းပညာရှင်တို့က သမိုင်းနိယာမနှင့် လျော်ညီစွာ ဆင်ခြင်သုံးသပ်နိုင် ကြလျှင်၊ သာမန်နိုင်ငံရေး လုပ်သားသည် နိုင်ငံရေး သုခမိန် ဖြစ်လာနိုင် လိမ့်မည် ။ နိုင်ငံရေး သုခမိန်တို့၏ အင်အားကောင်းမွန်လာလျှင်၊ နိုင်ငံရေး လုပ်သားကောင်းများ ပေါ်ထွန်းခြင်းကြောင့် ၊ နိုင်ငံသည် ကြီးပွားတိုးတက်လာလိမ့်မည် ။ ယနေ့ ကြီးပွားနေသော တိုင်းနိုင်ငံတို့တွင် စတိတ်စမင်း၁ ဟူသော နိုင်ငံရေး သုခမိန်တို့၏ အခန်းကဏ္ဍသည် အလွန်တရာ အရေး ပါလှပေသည်။ ဤသဘောတရားတို့ကို ဆင်ခြင်၍ စာရေး သူက ဤ စာစုကို ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ ဤသို့ ပုံနှိပ်ထုတ်ဝေရာ၌ စာရေး သူ၏ အာသီသကို သိရှိနားလည်၍ စာရေး သူအား ကူညီစောင်မအားပေး ကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့ကို စာရေး သူက အထူးကျေးဇူးတင် ပါသည်။

ခေတ်၏ သဘာဝ တို့ကို တင်ပြရာ၌ တင်ပြသူ၏ အကြားအမြင် အတွေ့ အကြုံတို့ကို အခြေပြု၍ တင်ပြကြစမြဲ ဖြစ်သည်။ ထိုအခါ တင်ပြ သူ၏ ထင်မြင်ချက်တို့သည် ဓမ္မဒိဋ္ဌာန်ကျလျှင်၊ သမိုင်းအလို့ငှာ ခိုင်မာသော အထောက်အထားကိုရပြီဟု ယူဆကြသည်။ ဤသဘောကို မျက်မှော က် ပြု၍ စာရေး သူသည် ဓမ္မဒိဋ္ဌာန်စွဲဖြင့် ရေး ပါသည်။ သို့ ပါသော ငြားလည်း စာရေး သူသည် ပုထုဇဉ် ဖြစ်ပါသည်။ ထို့ကြောင့် ပမာဒလေခနှင့် ကင်း သော် မှ ကင်းပေလိမ့်မည် ။ စာရေး သူ၏ စေတနာကို ချင့်ချိန်နိုင်ကြပါ လျှင်၊ ထိုပမာဒလေခတို့မှာ

ပညာရှင်တို့ ခွင့်မလွှတ်နိုင်သော ပမာဒ လေခမျိုး ဖြစ်လိမ့်မည် မဟုတ်ဟု ယုံကြည်ပါသည်။ ခေတ်ကို အနုစိတ်၍ ပိုင်းခြားကြည့်သော အခါ၊ မနေ့က ဖြစ်စဉ်ကို ယနေ့ ဖြစ်စဉ်ကဲ့သို့ လှေနံဓားထစ် မစွဲလမ်းသင့်ချေ။ ဤလောက၌ ထင်မြင်ချက်ဟူသည်မှာ ပြုပြင် စီရင်ခြင်း သင်္ခါရနှင့် မကင်းနိုင်။ ပညတ်ကိစ္စတို့၌ ပရမတ်ဟု တမ်းတမ်း စွဲ မပြုသင့်ချေ။ အဓိကအချက်ကိုသာလျှင် ပဓာနပြုသင့်သည်။ ဤစာ၌ ကျွန်ုပ်တို့ အလေးအမြတ်ပြုခြင်းကို ခံထိုက်သော အာဇာနည်ပုဂ္ဂိုလ်တို့ နိုင်ငံအတွက် ဆောင်ရွက်ရာ၌ သမ္မာကမ္မန္တ ဖြစ်အောင် ဆောင်ရွက်ဖို့ရာ လမ်းညွှန်သော အနက်အဓိပ္ပာယ်သည်သာလျှင် အမွန်မြတ်ဆုံး ဖြစ်သည်။

ယခုဆောင်းပါးများ ကို ရေး သားရာ၌ မြန်မာ့နိုင်ငံရေး သုခမိန် ဟူသော သဘောတရားနှင့် ဆက်စပ်အကျုံး ဝင်အောင် နှစ် ပေါင်းများ စွာ အဆက်မပြတ် ကြံဆ၍ ရေးခဲ့ခြင်း ဖြစ်ရာ၊ အနာဂတ်၌ စာရေး သူ၏ အာသီသသည် အကောင်အထည်ပေါ်ပါစေသော ဝ်။

မောင်ထင်

၁၉၉၉ ခု၊ နိုဝင်ဘာလ ၁၂ ရက်။

*

# မျိုးချစ်စိတ်၏ အစ

ဖိုးရွှေလမင်းကြီး မကြည့်တကြည့် တစ်ခါတစ်ခါ ရွှေမျက်နှာညို၍ ဘာကို အလိုမကျသည်မသိ၊ တိမ်ကြားအောက်တွင် ခေါင်းလျှို၍ ငုပ်နေ သည်။ သို့သော် ကြည်လင်သော ရွှေးမြစ်၏ မှန်ရိပ်ထဲတွင် သူ၏ မျက်နှာကိုသူ ငုံ့ကြည့်၍ မြင်ရသော အခါ၊ သူသည် သူ၏ အရိပ်ကို သူပြန်၍ စုံမက်မိလေသလော မပြောတတ်။ စင်စစ်မှာ သူ၏ အရိပ်သည် နဂို အတိုင်းမဟုတ်။ ဘော်သာခွာကို အရည်ကျိုထားဘိသကဲ့သို့ ရှိလေရာ၊ နဂိုအတိုင်းထက်ပင် လှ၍ နေလေသည်။ ထို့ကြောင့် သူ့အဆင်းကိုသူ တပ်မက်သည်ဆိုလျှင် မမှား း။ ယင်းသို့ တပ်မက်ခြင်းကြောင့် သာလျှင် လွင့်လာသမျှသော တိမ်တိုက်တို့ကို လွတ်အောင်ရှောင်ရင်း သူ့အရိပ်ကို သူ မျက်ခြည်မပြတ် လိုက်၍ ကြည့်နေခြင်းပင် ဖြစ်သည်။

ကျွန်တော် ၏ အိမ်နောက်ဖေး၌ လတာပြင်ကို ဖြတ်ကျော်၍ ဆောက် ထားသော ရေစင်ရှိသည်။ ရေစင်ဟူသည်ကား ဝါးလုံးများ ကို အရှည် လိုက် စီတန်း၍ ဆောက်လုပ်ထားသော ငါးပိလှန်းသည့် စင်ကြီးပင် ဖြစ်သည်။ ထိုစင်ကြီးသည် ငါးပိသမားတို့အဖို့ ငါးပိလှန်းရန်ပင် ဖြစ်သော် လည်း ကျွန်တော့် အဖို့ ကျယ်ပြန့်သော အိမ်သာကြီးတစ်ခုပင် ဖြစ်လေ တော့သည်။

ထိုညကို ကျွန်တော် ကောင်းစွာ မှတ်မိသည်။ ကျွန်တော် သည် ထိုစဉ် က ကျောင်းမနေသေး။ စိတ်အထင် ငါးနှစ် အရွယ်လောက်ရှိမည် ။ ကျွန် တော့်ကို ကျွန်တော့်အထိန်းတော် ဂေါ်ရင်ဂျီကုလား ကမ္ဘယားက ရေစင် ပေါ်၌ နောက်ဖေး"တယ်"နေသည်။ ကျွန်တော့်မိဘများ က ကျွန်တော့်ကို ချေးအပင်ပေါက်အောင် ယိုသည်ဟု ပြောလေ့ရှိသည်။ ကျွန်တော့်အဖို့ကား သူတို့ ဤသို့ ခဏခဏပြောခြင်းကြောင့် ချေးအပင်ပေါက်လျှင် ဘယ်လို အပင်မျိုး ဖြစ်ပါလိမ့်ဟု မှန်းဆကာ၊ ချေးပင်ကို မြင်ဖူးချင်၍ ခဏခဏ အောက်ငုံ့ကြည့်မိသည်နှင့် ပင်လျှင်၊ ထိုကိစ္စမျိုး၌ သူများ တကာထက်ပို၍ ကြာတတ်သည်။ ထို့ပြင်လည်း ယခုလို ကြည်လင်အေးမြသော လမင်း သည် ရွှေးမြစ်ကို ကြေးမုံပြင်ပမာထား၍ မိမိအလှကို မိမိရှုနေသည့်အခါ တပိုတပါးသွားရင်း လမင်းနှင့် အတူ

ကမ္ဘာသို့ လည်ပတ်နေရသဖြင့် ၊ ပို၍ စည်းစိမ်ရှိသည်။ ရေစင်အောက်သို့ အတုံးလိုက်အတစ်လိုက် ကျသွား သည့် အသံတို့သည်ပင်လျှင် ဆရာစိန့်လက်သံထက် ပြောင်သည်ဟု အောက်မေ့သည်။

လူကြီးများ အဖို့ ထိုကိစ္စသည် ညစ်တီးညစ်ပတ်နိုင်လှသည်ဟူ၍ ပင် ထင်ကြပေမည် ။ ကျွန်တော့်မှာ သူငယ်နုပ်စားအရွယ်သာသာမျှသာ ရှိ၍ အပြစ်ကင်းစင်သော ကလေးစိတ်နှင့် မို့ ထိုကိစ္စမျိုးကို ကိုယ်လက် သန့်ရှင်းစေသော ကိစ္စဟူ၍ သာ သိတတ်သည်။

ကမ္ဘယားသည် မြန်မာစကားကို မပီကလာပီကလာနှင့် ပြော၍ ကျွန်တော် နှိုက်နှိုက်ချွတ်ချွတ် မေးသမျှကို ဖြေရှာပါသည်။

"လမင်းကြီးဟာ ပြေးနေတယ်နော်"

"ဝုတ်တယ် ပြေးနေတယ် ဘာဘာ့"

"ဟိုအဝေးကြီးဆိုမှ အဝေးကြီးက ကြယ်ကလေးတွေ မျက်စိမှိတ် လိုက် ဖွင့်လိုက်လုပ်နေကြတယ်နော်"

"ဝုတ်တယ် ဘာဘာ့ ဝုတ်တယ်"

"တိမ်တွေ က ဖိုးလမင်းကြီးကို ဝိုင်းပြီး ဖက်ထားတယ်နော်"

"အင်း ... အင်း ... ဝုတ်တယ်၊ ဝုတ်တယ်"

ဤကဲ့သို့ သူနှင့် ကျွန်တော် အတိုင်အဖောက်ညီနေစဉ် ကျွန်တော် ၏ မိခင်၊ ကျွန်တော် ၏ ထွေးတော် တို့သည် အိမ်ပေါ်မှ ရေစင်ရှိရာသို့ ဆင်းလာကြသည်။

သူတို့သည် ကျွန်တော့်အား နောက်ဖေးကို ဇိမ်ခံ၍ ယိုနေသည် ဟု သရော်ကာ ကျွန်တော် နှင့် ကမ္ဘယားကိုကြည့်၍ ရယ်ကြပါသည်။

ထိုအတွင် း ကျွန်တော့်ထွေးတော် နှင့် အတူပါလာသူ မိန်းမပျိုတစ်ဦး က ထိုခေတ်ကပေါ်သော သီပေါမင်းပါတော် မူသီချင်းတစ်ပုဒ်ကို ဆိုပါ သည်။ ကျွန်တော် ထိုသီချင်းသွားကို မမှတ်မိ။ သီပေါမင်းဆိုသော နာမည် ကိုသာ မှတ်မိပါသည်။ မှတ်မိရခြင်းမှာ

သီပေါကို နားမလည်၍ မေးမိသော ကြောင့် ဖြစ်ပါသည်။

"အစ်မ၊ သီပေါဆိုတာ ဘာလဲဟင်"

ကျွန်တော် တို့အရပ်၌ မိခင်ကို အစ်မဟုခေါ်ပါသည်။

"သီပေါဆိုတာ မြန်မာမင်းကွဲ့"

"မင်း ဆိုတာကကော"

"ရှင်ဘုရင်ပေါ့ကွဲ့။ သား စိန်ကတုံးကြည့်တုန်းက မကိုဋ်တွေ သန်လျက်တွေ ကိုင်ပြီး ထွက်လာတဲ့ရှင်ဘုရင်လိုပေါ့"

"အခု သူက ဘာလုပ်သလဲ ဟင်"

"သူက အရင်တုန်းက မြန်မာပြည်ကို အုပ်စိုးတယ်"

"အခုကော"

"အခု သူ့ကို ကုလားဖမ်းသွားလို့ မအုပ်စိုးတော့ဘူး"

"ကုလားဆိုတာ ကမ္ဘယားလား ဟင်"

"မှုတ်ဖူးကွဲ့၊ ကုလားဆိုတာ ဗိုလ်ကိုခေါ်တာ"

"ဗိုလ်ဆိုတာ ဘာလဲ ဟင်"

"ဗိုလ်ဆိုတာ ကုလားဖြူကွဲ့။ အသားက သိပ်ဖြူလို့ ကုလားဖြူခေါ်တယ်။ အင်္ဂလိပ်ပေါ့ကွယ်။ အင်္ဂလိပ်"

"ဒါဖြင့် အခု ဗမာရှင်ဘုရင် မအုပ်စိုးဘူးပေါ့ နော်"

"အေး ... အေး ... အင်္ဂလိပ်အုပ်စိုးတယ်"

ကျွန်တော် သည် နောက်ဆက်တွဲ မေးခွန်းများ ကို မမေးနိုင်သေးပါ။ ကျွန်တော် စိတ်ထဲမှာ ပွဲထဲက ရှင်ဘုရင်ကဲ့သို့ သော ရှင်ဘုရင်များ မြန်မာ ပြည်ကို အုပ်စိုးစံနေသည်ဟူ၍

သာ မှတ်ထင်နေရာ၊ ယခု မိခင်ပြောပြမှ သိရပါသည်။ သို့သော် မိခင်ပြောတာ မရှင်းသေးပါ။ ထို့ကြောင့် သေချာ အောင် ထပ်၍ မေးမိပါသည်။

"ဒါဖြင့် အင်္ဂလိပ်အုပ်စိုးတာ ဘယ့်လောက်ကြာပြီလဲ အစ်မရယ်"

"ကြာပြီကွဲ့။ အမေ မမွေးခင်ကတည်းက သီပေါကို အင်္ဂလိပ်က ဖမ်းသွားတယ်ကွဲ့"

"အင်္ဂလိပ်ကြီးက သီပေါကိုဖမ်းသွားတော့၊ တို့အိမ်ရှေ့က အဘ စာသင်ကြီးက သူခိုးတွေ ကို ကြိုး နှင့် တုပ်ပြီး ဂါတ်တဲခေါ်သွားသလို နေမှာ ပဲ။ အဘက ရှေ့ကတုတ်တုတ်ပြီးဆွဲတော့ သူခိုးက နောက်က ရှန်းရှန်းပြီး လိုက်ရတယ်။ အဘက ငှက်ကြီးတောင်ဓားကြီးကို မိုးလိုက်တော့မှ သူခိုး က ဝပ်သွားတယ်။ အခုလည်း သီပေါမင်းကို ဒီလိုပဲ ဖမ်းသွားမှာ ပဲ။ သူခိုးကို ဖမ်းသွားတာ သနားစရာ။ သီပေါကို ကုလားဖမ်းသွားတာက သာပြီးတော့ သနားဖို့ကောင်းတာပေါ့။

လမင်းသည် ကောင်းကင်ဝယ် ရိပ်ရိပ်ပြေးနေသည့်အခါ ကျွန်တော် ၏ နုနယ်သော ဦးနှောက်ထဲတွင် စိတ်ကူးတို့သည် ရိပ်ရိပ်ပြေး၍ နေကြလေသတည်း။

ထိုစိတ်ကူးစိတ်သန်းတို့မှာ ဆီလျော်သည် မဆီလျော်သည်ကို ကျွန်တော် မစဉ်းစားမိ။ ကလေးဘဝမို့ ဝမ်းနည်းကြေကွဲမိသည်မှတပါး အခြားစိတ်ကူးများ မပေါ်ပေါက်ခဲ့ချေ။

သို့ သော် ငါတို့မြန်မာပြည်ကို အင်္ဂလိပ် အုပ်စိုးပါကလားဟူသော အသိသည် နောင်အဖို့၌ တိုင်းပြည်ချစ်သော စိတ်၏ အဆောက်အအုံကို ကျွန်တော် ၏ ရင်ထဲ၌ အုတ်မြစ်ချပေးဟန်တူသည်။

ထို့ကြောင့် လည်း လရောင် အောက်ဝယ် ရေစင်ပေါ်၌ ထိုင်ရင်း၊ သီပေါမင်း၏ လွမ်းဆွတ်ဖွယ်ရာအ ဖြစ်အပျက်တို့ကို ကျွန်တော် ငယ်စဉ် တောင်ကျေးကလေးဘဝကစ၍ ပင်လျှင် မှတ်မိနိုင်ခြင်း ဖြစ်ပေသည်။

ယင်းသို့ မှတ်မိနိုင်သည်ဆိုရာ၌ လည်း သီပေါမင်းပါတော် မူသည့် အတွက် တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသော ကြောင့် ၊ ထိုမျှ နုနယ်သော အရွယ်ကစ၍ ပင်လျှင် အစွဲကြီးနေပါသည်ဟု ကျွန်တော် ဆိုပချေသော်၊ ကြွားရာရောက်ပေမည် ။

အမှန်မှာ ထိုမျှ နုနယ်သော အရွယ်တွင် နုနယ်သော ဦးနှောက်က ထိုအူကြောင်ကြောင်နိုင်သော စိတ်ဓာတ်ကို လက်မခံနိုင်သေးချေ။ သီပေါ မင်းကလေး ပါတော် မူသည်ဆိုသဖြင့် သနားမိသည်။ သို့ ရာတွင် တစ်စ တစ်စနှင့် ကြီးပြင်းလာသော အခါ သနားရမည် ကိုပင် မေ့တေ့တေ့ ဖြစ်လာ သည်။ ကုလားမင်းအုပ်စိုးသည်ဆိုသော် လည်း ရပ်ရွာ၌ သူကြီးလုပ်သူမှာ မိမိ အမျိုးသားထဲကပင် ဖြစ်၍ ဘာမျှထူးခြားလှသည်မဟုတ်ဟု ထင်မိ သည်။ မြို့ အုပ်မြို့ ချုပ်တို့ တိုင်းခန်းလှည့်လည်လာသည့်အခါ၊ မိုလ်တဲ အောက်၌ ကလေးဘာဝ ဂျင်ပေါက်ရင်း တစိတစောင်း ကြည့်မိရာ၊ အင်္ဂလိပ်မင်း တက်နေသည်ဟုဆိုသော် ငြားလည်း အင်္ဂလိပ်မင်းဆိုသူမှာ မြန်မာနှင့် မခြားဟု အောက်မေ့မိသည်။

တစ်ညသ၌ ဖခင် ဖြစ်သူသည် မိုလ်တဲ၌ လာ၍ တည်းခိုသော အရေး ပိုင်အကြောင်းကို မြိန်ရေယှက်ရေ ပြောလေသည်။ ထိုအခါမှ သူတစ်ပါး လက်အောက်၌ နေရသည်ကို အသစ်တဖန် ပြန်၍ သတိရမိသည်။ သို့ သော် ထိုကဲ့သို့ သူတစ်ပါးလက်အောက်၌ ရောက်ရခြင်းကို ရှက်ရမှန်း ကြောက်ရမှန်း မသိတတ်သေးချေ။ ကျွန်တော် ၏ ဖခင်မှာ စာပေ၌ မွေ့လျော်သူ ဖြစ်လေရာ ရောက်လာသော အရေး ပိုင်က ဒေသန္တရ ရာဇဝင် ဗဟုသုတတို့ကို သူ့ အား မေးမြန်းသည်ဆိုသည်နှင့် ပင် ထိုအင်္ဂလိပ် အရေး ပိုင် အရပ်ရှည်ရှည်ကြီးကို အတော် ကြည်ညိုနေဟန်တူသည်။

ကျွန်တော် ယခု ပြန်တွေ းလိုက်သော် ရေး တေးတေး ပေါ်လာပါ သေး၏ ။ ထိုအရေး ပိုင်သည် မိုလ်တဲ၏ မြောက်ဘက် ပိတောက်ပင်ကြီး အောက်တွင် သူကြီးမင်း တည်ခင်းထားသော ဆီချေးစော်နံသည့် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်သည်။ ရပ်ရွာရှိ လူကြီးအပေါင်းတို့မှာ သူ၏ ရှေ့တွင် ကွပ်ပျစ်ပေါ်တွင် ထိုင်ကြရသည်။ တော် တော်

အသက်ကြီး ၍ ဗဟုသုတရှိပုံရသော သူကြီးမင်းများ ကို အရေး ပိုင်က ဘုရားတကာ ကျောင်းတကာဟု နှုတ်ခွန်းဆက်သ၍ အင်္ဂလိပ်တက်စက အင်္ဂလိပ်ကို ခံချသူ ကျားမိုလ်ဟု အမည် တွင် သော ဓားပြမိုလ်၏ သော င်းကျန်းပုံကို မေးမြန်းသည်။ ရွာနာမည် များ ၏ ဗျူ ပ္ပတ်ကို မေးမြန်းသည်။ မည် သည့် မြို့ မည် သည့်ရွာကို မည် သည့်ခေတ်က တည်ကြောင်း မေးမြန်းသည်။ ကမ္ဗဒ္ဓာန်းအကြောင်း သင်္ဂြိုဟ်အကြောင်း မေးမြန်းသည်။ ဖြေနိုင်သူလည်း ရှိ၏ ။ မဖြေနိုင်သူလည် ရှိ၏ ။ အမေးခံရသူတို့မှာ အင်္ဂလိပ်က မြန်မာစာပေ နှင့် ရာဇဝင်တို့ကို နှိုက်နှိုက်ချွတ်ချွတ် မေးသဖြင့် တအံ့တသြနှင့် ငေးမော ကြသည်။

နောင်သော် ထိုအင်္ဂလိပ်သည် အမြို့ မြို့ အရွာရွာအတိုင်းတိုင်းတို့၌ ကျင်လည်ရလေသည်။ သို့ သော် သူ၏ အမည် ကိုမူ ကျွန်တော် ၏ ချက်မြှုပ် ဇာတိ၌ ထားခဲ့ပေသည်။ နောင်အဖို့၌ ကျွန်ုပ်တို့၏ မြန်မာရာဇဝင်သည် ဖြောင့်ဖြောင့်သွားခဲ့ပါလျှင် သူ၏ အမည် သည် ကျန်ရစ်ခဲ့ဦးမည် ။

ငယ်စဉ်က ထိုအမည် ကို မခေါ်တတ်ပါ။ ကြီးပြင်းလာ၍ အင်္ဂလိပ်စာ ချောက်ချီးချောက်ချက် ဖတ်တတ်သော အခါ၊ ဖခင် ဖြစ်သူသည် လယ်ပြေ စာအဟောင်းများ ကို ကျွန်တော့်အား ပြသ၍ သူ့ အမည် အင်္ဂလိပ်လို ရေး သားထားသည်ကို ဖတ်ခိုင်းသည်။

လယ်ပြေစာ၏ ညာဘက်ထောင့်၌ ဂျေ အက်စ် ဖာနီဗောလ်ဝ် ဟူသော အမည် ကို ဖတ်ရသည်။

ကျွန်ုပ်၏ သေးနပ်သော ဦးနှောက်ထဲ၌ ၊ တဖက်အကန့်တွင် သီပေါ ဟူသော ကမ္ပည်းထိုးထားသည်။ အခြားတဖက်အကန့်တွင် ကား သူနှင့် ဆန့်ကျင်ဖက် ဖာနီဗေါလ်ကို ကမ္ပည်းထိုးထားသည်။

ကျွန်တော် လူလားမြောက်သော အခါ၊ တစ်ဖက်ခန်းရှိ သီပေါနှင့် အခြားတစ်ဖက်ခန်းရှိ ဖာနီဗေါလ်တို့သည် နောင်ဂျိန်ဇာတ်ခင်းကာ၊ ဓားရေး လုံရေး ပြကြသည်ဟူ၏ ။ သို့ ရာတွင် ကျွန်ုပ်မှာ တစ်ဦးကိုတစ်ခါမျှမမြင်ဖူးပါပဲလျက် ချစ်မိပါသည်။ ကျန်တစ်ဦးကိုလည်း တစ်ခါမျှ မတွေ့ ဖူးပါပဲလျက် ကြည်ညိုမိပါသည်။

တစ်ခုသော တန်ခူးလအခါတွင် ကျွန်တော် သံ မြောင်းမြမြို့ အစိုးရ အလယ်တန်းကျောင်း တတိယတန်း(ဘီ)အခန်းတွင် ရှေ့ဆုံး၌ ချာတိတ် တစ်ဦးအ ဖြစ်နှင့် ထိုင်ရပါသည်။ ဆရာကြီး ဦးကံကြီး၏ လက်ဝဲဘက် ၌ အစိုးရပြက္ခဒိန်တစ်ရွက် တပ်ထားသည်။ ထိုပြက္ခဒိန်၏ ခေါင်းစီး၌ သက္ကရာဇ် ၁၉၂၀ ဟု ကမ္ပည်းထိုးထားသည်။

ထိုနှစ် မှာ ကျွန်တော့်အဖို့၌ အတော် ထူးသည်။ အင်္ဂလိပ်စာကို အစွဲအလမ်း ဖြစ်၍ အင်္ဂလိပ်ကျောင်း၌ နေပါပြီဟူ၍ လည်း ဆိုကရော၊ တစ်နိုင်ငံလုံး သိမ့်သိမ့်တုန်သည့် ပထမဆုံးသော သပိတ်တစ်လုံးလည်း ပေါ်ထွက်လာပါလေကရော။

ဟောဗျာ့၊ ဖြစ်မှ ဖြစ်ရပလေ။ ကြုံရတဲ့ကံနှယ် မွဲလိုက်ပါဘိ။ ပညာကို လိုချင်သည်၊ လိုချင်သည်၊ လိုချင်သည်။

''လိုချင်ရင် ရပါတယ်ကွယ်၊ မင့်အသက် ငယ်ငယ်ရှိသေးတာပဲ။ ဟေ့ဒ ဘယ်ကျောင်းနေရနေရ၊ မင်းလိုချင်ရင် ရနိုင်တာချည်းပဲကွဲ့။ နို့ ပေမဲ့ ငါက အစိုးရကျောင်းဆရာ ဖြစ်နေလို့ မပြောကောင်းလို့ဟ။''

ဆရာကြီး ဦးကံကြီးသည် ပြတ်နေသော ညာဘက်လက်မကလေး ဖြင့် ပါးစပ်ကို မလုံတလုံကာပြီး ကျွန်တော့်နားထဲသို့ တစ်စုံတစ်ခုကို တီးတိုး ပြောလိုက်ပါသည်။ ကျွန်တော် နားမလည်ပါ။

''ဘွိုင်ကောက်၊ ဘွိုင်ကောက်။''

ကျွန်တော် အင်္ဂလိပ်စာသင်လာသည်မှာ ဆယ်လမျှရှိပါပြီ။ ဘွိုင် စကောက်ကို နားလည်ပါ၏ ။ သို့သော် ဘွိုင်ကောက်ဟု ဆရာကံကြီး ပြောသည်ကို နားမလည်ပါ။ သို့ ပေမင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ပင် ကျောင်းခန်းထဲမှ ထွက်၍ ကျောင်းဝင်းကိုကျော်ကာ၊ တာဝတိံသာ ကျောင်းနှင့် တိုက်အကြားရှိ ကွက်လပ်လမ်းကြားမှနေ၍ ရုံးလမ်းဘက်သို့ ထွက်လာခဲ့ပါသည်။ ဆရာကံကြီးသည် သူ၏ ညာဘက်လက်၌ မရှိသော လက်မဖြင့် နှုတ်ခမ်းမွေးကိုသပ်ရင်း၊ ပြုံး ပြုံး ကြီးနှင့် ကျန်ရစ်ခဲ့လေသည်။

ရုံးလမ်း၌ ငါးတန်းခြောက်တန်းမှ ကျောင်းသားကြီးများ သည် ကျူ

လယာဘီလပ်ရည်ဆိုင်ကို ဝိုင်း၍ နေကြသည်။ ကျွန်တော် လည်း မယောင်မလည်နှင့် အနားသို့ ကပ်၏ ။ ဆရာဦးကံကြီး ပြောလိုက်သော အင်္ဂလိပ်စကားမျိုးကို ကျွန်တော် ကြားရသည်။ ပြောနေသူမှာ ပုသိမ်မှ ကျောင်းသား မောင်တင်ဆိုသူ ဖြစ်သည်။ တစ်ကျောင်းလုံးတွင် ကာလသား ခေါင်းလုပ်၍ ဗိုလ်ကျသူ ပေါက်ကျော်မှာ လူမိုက်လုရင်နှင့် တွဲ ကာ နှစ် ဦး စလုံး မျက်နှာနီကြီးများ ဖြင့် ကျူလယာဆိုင်ကလေးကို မျက်စောင်းထိုး နေကြသည်။ သူတို့ မူးနေကြသည်။ တစ်စုံ တစ်ယောက် ကို ချကြမလို့ပါပဲ။ ဟော ကြည့်စမ်း၊ ပြောရင်း၊ ဆိုရင်း၊ ဖောင်း ...ခွမ် ...ချလွှန် ... ချလွင် ...။

လင်မနစ်ပုလင်းများ တဖောင်ဖောင် မြည် ကုန်ကြသည်။ ကျောင်း သားနှစ် ဆယ်ခန့်တို့သည် ထိုပုလင်းတို့ ကိုယ်စီကိုယ်ငှယူ၍ သောက်ကြ သည်။ ပုလင်းများ ကို ရိုက်ခွဲကြသည်။ စီးကရက်များ ကို လုကြသည်။

ကျွန်တော် လည်း ဆုတ်ကန်ဆုတ်ကန်နှင့် ရွှေသာလျောင်းဘုရား ရှေ့မှ ဖြတ်၍ ပြေးလေသတည်း။

သို့ ရာတွင် ခပ်လှမ်းလှမ်းမှ အသံများ ကြားရသည်။ ထိုအသံတို့ မှာ လေရှိန်ယူပြီး တဖြည်းဖြည်း တခဲနက်လျှင် ပေါ်ထွက်လာလေသည်။ ထိုအသံတို့ကား အခြားမဟုတ်။ နောင်တဆယ့်ခြောက်နှစ် တင်းတင်း ပြည့်သော အခါတွင် မြန်မာပြည်၌ တစ်ဖန်ပြန်၍ ပဲ့တင်ထပ်မည် ဖြစ်သော "သပိတ်၊ သပိတ်၊ မှော က်၊ မှော က်" ဟူသော အသံများ ဖြစ်ချေသည် တမုံ့။

ကျွန်တော် သည် ဂါတ်တန်းလျားထဲသို့ ဝင်ပြေးသည်။ ထိုမှဖြတ်၍ ဦးဘိုးမြေလမ်းထဲသို့ ဝင်ပြန်သည်။ ထိုမှဖြတ်၍ ဘီလမ်းတစ်လျှောက် ပြေးပြန်သည်။ လေးလမ်းရောက်သော် မိမိအိမ်သို့ ဝင်လေ၏ ။

ကျွန်တော် ၏ ဦးလေးမှာ အစိုးရလခစား ဖြစ်လေရာ၊ ဒေါ်ဒေါ်သည် ကျွန်တော် ကျောင်းမတက်ဘဲ ပြန်လာသည်ကို မြင်သော အခါ အထိတ် တလန့် ဖြစ်သည်။ ညနေ ဦးလေးရုံးဆင်းသော အခါ ဒေါ်ဒေါ်က သူ့ ခင်ပွန်း သည်အား ကျွန်တော် သပိတ်မှော

က်လာေၾကာင္း တိုင္ေျပာေလသည္။

ထိုအခါမွစ၍ ကၽြန္ုပ္သည္ သပိတ္ေမွာ က်ေက်ာင္းသား ျဖစ္လာေလ သည္။ ထိုအခါမွစ၍ ကၽြန္ုပ္သည္ ''ဘိြဳင္ေကာက္''ဟူေသာ စကား ''ဘိြဳင္ေကာက္ထား'ဟူေသာ ေ၀ါဟာရတို႔၏ အဃ၀တၱႏွင့္ ပိဋၹတၱတို႔ကို နားလည္လာေလေတာ့သည္။ ထိုအခါမွစ၍ ၊ အကၽြန္ုပ္ လမ္းတစ္ေလွ်ာက္ လုံး ေျပးလာရ၍ ေမာေမာႏွင့္ ခုန္ေနေသာ ရင္တြင္ း၀ယ္၊ အခ်ဳ ့ပညာရွိ တို႔က မွန္ျမတ္ေသာ စိတ္ဓာတ္ဟု ေခၚၾက၍ ၊ ေကစိသုခမိန္တို႔က အဆိပ္ဟု သမုတ္ေသာ မ်ိဳးခ်စ္စိတ္ဓာတ္သည္ သီေပါမင္းခ်ခဲ့ေသာ သေႏၶျဖင့္ ေန႔စဲ့၊ လစဲ့ ဖြားျမင္လာေလသတည္း။

ေနာက္တစ္ႏွစ္ အဖို႔၌ မိုလ္ေကကို စြန္႔၍ ၊ ကတုံးေျပာင္ထားကာ ပင္နီအက်ႌကို၀တ္၍ ၊ ခါေတာ္ မီေက်ာင္းသို႔ တက္ေနေသာ ေနရွင္နယ္ ေက်ာင္းသား အကၽြန္ုပ္ကို ဆရာဦးေမာင္ႀကီး၏ အတန္း၌ ေတြ ႔ၾကရေပ လိမ့္မည္ ။

ထိုေခတ္မွစ၍ အမ်ိဳးကိုခ်စ္ေသာ စိတ္သည္ လူတိုင္း၏ ငယ္ထိပ္တြင္ တက္လ်က္ရွိသည္။ မ်ိဳးခ်စ္စိတ္ဒီေရ တက္သည္ႏွင့္အမွ် တစ္ပါးေသာ လူမ်ိဳးတို႔ကို မုန္းတီးေသာ စိတ္သည္လည္း တက္၍ လာေလသည္။ အထူး သျဖင့္ အဂၤလိပ္ကို ေမွ်ာက္ျဖဴ ဟူ၍ ေရရြတ္ကာ၊ အာဃာတထားရေသာ စိတ္ဓာတ္တို႔ကို ထိုေခတ္ရွိ ႏိုင္ငံေရး ပါရဂူတို႔က ေျမေတာင္ေျမွာက္ေပး သည္။ မွတ္မိေသးေတာ့သည္။ တစ္ညေနေသာ္ ဆရာႀကီး ဦးဘိုးခ်ိန္က ဦးဥတၱမ၏ တူဟူ၍ မိမိကိုယ္ကို သမုတ္ေသာ ကိုရင္တစ္ပါးသည္ ေက်ာင္းသားတို႔အား ၀ံသာနုတရားေဟာမည္ ဟု ဆိုလာသည္။ ထို႔ေၾကာင့္ ထိုေန႔တြင္ ေက်ာင္းေစာေစာဆင္းၿပီးလွ်င္၊ ခါေတာ္ မီေက်ာင္းႏွင့္ ကပ္ ေနေသာ ဘုရားတန္ေဆာင္းသို႔ သြားၾကရသည္။ ထိုတန္ေဆာင္းတြင္ မွန္ျမတ္ေသာ ၀ံသာနုတရားကို နာရသည္။

ေဘာေႏၶာ၊ အိုအခ်င္းတို႔။ ဧထ၊ လာၾကကုန္ေလာ့။ ထိုမွန္ျမတ္ေသာ တရားကို နာၾကကုန္အံ့။

ေရးသေရာအခါ ေမွ်ာက္တစ္ေကာင္သည္ အဂၤလန္ကၽြန္း၌ ကျမင္း ေၾကာထ၍

နေလေသတတ်။ ထိုသရောခါ အင်းထဲမှ လိပ်တစ်ကောင်သည် ထိုကျွန်းပေါ်သို့ မျက်စိလည်လမ်းမှား၍ တက်လာလေသည်။ ထိုသည့် နေ့မှစ၍ ခေါင်းပေါ်တွင် ဗိုလ်ကေခွဲထားသော မျောက်သည် အင်းထဲက လိပ်နှင့် စုလျားရစ်ပတ်လက်ထပ်လေရာ၊ အင်္ဂလိပ်ဟူသော သတ္တဝါသည် လောကကြီးထဲမှ ဗိုလ်ကေခွဲကာ ထွက်ပေါ်လာလေသတည်း။

ဆရာဦးဘိုးချိန်၏ ကျေးဇူးကို ကျွန်တော် မမေ့ပါ။ ကျွန်တော် သည် အကလေးအရွယ်ပင် ဖြစ်ပါသော်လည်း၊ ထိုမျှလောက် အဆီအငေါ် မတည့်သော နိုင်ငံရေး တရားမျိုးကို လက်မခံနိုင်ပါ။ သို့သော် အကလေး အမျှသာ ဖြစ်၍ ထိုဝံသာနုတရားမျိုးကို ရှုတ်ချပါသည်ဟု ဆိုဝံ့သော သတ္တိမရှိပါ။ အကယ်၍ သာလျှင် ထိုစဉ်က ဆရာသမားလုပ်သူတို့က ထိုတရားကို မှားမှားမှန်မှန် အောင့်အီးသည်းခံ၍ နာယူစေမည် ဆိုပါက ကျွန်တော် ၏ စိတ်သည် ထိုတရားကို မည် မျှလောက်ပင် လက်မခံဘူးဟု ဆိုစေကာမူ၊ အများ နှင့် အတူ မိုးခါးရေကို သောက်မိပေလိမ့်မည် ။ သို့ရာ တွင် ဆရာဦးဘိုးချိန်သည် ထိုမျှသိမ်ဖျင်းသော သပ္ပပွလဝါစာတို့ကို ဆက်လက် သည်းမခံနိုင်သဖြင့် ၊ "လူကလေးတို့၊ သိမ်ဖြင့် တဲ့စကားကို နားမထောင်ကြနဲ့၊ အိမ်ပြန်ကြ"ဟူ၍ ဩဝါဒပေးသော ကြောင့် ကျွန်တော် တို့လည်း အိမ်သို့ ပြန်ခဲ့ကြလေသည်။

ကျေးဇူးပါပဲ ဆရာကြီးရယ်။ ဆရာကြီးသည် ထိုကဲ့သို့ မှ ဩဝါဒ မပေးလျှင်၊ ကျွန်တော် တို့ စိတ်နုသူကလေးများ သည် နောင်တစ်သက် လုံးအဖို့ သပ္ပပွဝါစာနှင့် ဖရုသ ဝါစာကို ဝံသာနုတရားတော် ကြီးဟူ၍ မှတ်ထားကြရပေတော့မည် ။

နိုင်ငံရေး လုပ်ငန်းဆိုသည်မှာ သူ့ခေတ်နှင့် သူ လုပ်ရသည်။ ထို ခေတ်က အင်္ဂလိပ်ဆိုသည်လျှင် မော်၍ မျှမကြည့်ဝံ့သော ခေတ် ဖြစ်၍ ၊ အင်္ဂလိပ်ကို တော် လှန်ရဲအောင် ပျို့မြစ်နုနယ်သော အကျွန်ပ်တို့၏ စိတ် ထဲ၌ မုန်းပင်များ ပျိုး၍ ပေးရသည်။ နိုင်ငံရေး သမားဘက်က စဉ်းစားကြည့် ပြန်ပါလျှင်၊ ထိုနည်းပရိယာယ်သည် သွေးထွက်အောင် မှန်ပေလိမ့်မည် ။

ကျွန်တော် သည် ထိုဝံသာနုဝဲဩဃထဲတွင် ကလေးဘဝနှင့် တဝဲဝဲ လည်ခဲ့ရလေသည်။ ထိုခေတ်က ဦးဥတ္တမဆိုလျှင် အာဇာနည်တစ်ဦးဟု ယူဆရုံမျှမကသေး၊

ဘုရားသားတော် ၏ အရည်ကို ဆင်မြန်းထားသော ကြောင့် ကိုယ်တော့်အား ဘုရားနှင့် တစ်ဂိုဏ်းတည်းထားကာ ကိုးကွယ် ကြသည်ကို မှတ်မိသေးသည်။ သို့ ရာတွင် ကျွန်တော့်မှာ ဝံသာနုနှင့် နိုင်ငံရေး စိတ် ဝင်နေသည့်အထဲက ဦးဥတ္တမပုံတော် ပါသော ဗလာစာအုပ် တစ်မူးတန်ကို ကျုလယာကုလားထံမှ ဆယ်ပြားပေး၍ ဝယ်ရသည့် အတွက် အတော် နာပါသည်။

ထိုစဉ်က ကျွန်ုပ်တို့တစ်မျိုးလုံး ဝံသာနုခဲ့ကြသည်မှာ တပျော်တပါး ကြီး ဖြစ်သည်။ ထိုစဉ်က ဝံသာနုတို့ကတစ်ဖက်၊ အစိုးရအရာရှိများ က တစ်ဖက် လွန်ဆွဲခဲ့ကြရာတွင် ၊ အမြဲတမ်းလိုလို ဝံသာနုဘက်က အနိုင်ရ လေသည်။ သို့ သော် ကျွန်တော် သည် ဝံသာနုတည်းဟူသော ညွှန်ပျောင်း ထဲ တွင် ကျွဲပမာ လူး၍ ပျော်ပါးနေစဉ်၊ ကျွန်တော် ၏ ဖခင်သည် သားတော် မောင်၏ ကျွန်ပညာအဖို့ကို ရည်စူး၍ လယ်တရှင်းကို အာလာကပ္ပ ချစ်တီးထံ ပေါင်နှံလေတော့သည်။

ထို့ငွေဖြင့် ကျွန်တော့်ဖခင်သည် ကျွန်တော့်အား ရန်ကုန်မြို့ မြို့ မ ကျောင်းတော် ကြီးသို့ ပို့လိုက်ပါသည်။ အူကြောင်ကြောင် ဝံသာနုစိတ်သည် ကျွန်တော့်၌ ဝမ်းတွင် းပ ဖြစ်၍ နေလေရာ၊ ရန်ကုန်မြို့ သို့ ရောက်လျှင် ရောက်ချင်း လံချားကုလားနှင့် စ၍ စကားများ ရပါသည်။ ကျွန်တော် က ဗမာလိုပြောသည်။ လန်ချားကုလားက ဟိန္ဒူ လိုပြောသည်။ ဘယ့်နှယ် မြန်မာပြည်မှာ ဟိန္ဒူလို ဘာကြောင့် ပြောရမှာ လဲ။ ''ဟေ့ ကုလား မင်း ဗမာစကားမတတ်ဖူးလား။ စူဝက်က ဘချား။ နင့်အမေလွှားကရော့''

''ဟေ့ ကန်းကလေး၊ နင်ဘာပြုတယ်။''

''ဗမာစကားမတတ်ဖူးဆို။ ဆဲတာတော့ နားလည်သလား ဟင်း''

ကျွန်တော် ကုလားကို ထီးနှင့် နှစ် ချက်သုံးချက် ထိုးပါသည်။

ထိုခေတ်က (ယခုလည်း ထိုခေတ်အတိုင်းလိုလိုပင်) ကုလားစကား မတတ်လျှင်၊ လူရာမဝင်ဟု အယူရှိကြသည်။ ကျွန်တော့်၌ လည်း ဝံသာနု အဆိပ်တက်နေသော ကြောင့် ၊ မြန်မာပြည်၌ ကုလားစကားကို ပြောတတ်မှ လူရာဝင်ရတော့မည် ဆိုလျှင်၊ ဘယ်တော့မှ

လူရာထဲကို မဝင်တော့ပြီဟု သန္နိဋ္ဌာန်ချထား၏ ။ ထိုသန္နိဋ္ဌာန်၏ အကျိုးဆက်ကြောင့် ယခုတိုင် ကုလား စကားကို လေးလုံးကွဲအောင် မပြောတတ်ပါ။

ဤနည်းနှင့်ပင် ကျွန်တော် လည်း မျိုးချစ်စိတ်ကလေး ကန့်ကန့် လန့်လန့်နှင့် ၊ ရန်ကုန်တွင် စာသင်ရပါသည်။ အမှန်မှာ ၊ ရန်ကုန်မြို့ မ ကျောင်းတော် ကြီးဟူ၍ အမည် သာ ဟိန်းသော် လည်း၊ ကျောင်းမှာ ကင်ဘယ်လိုင်း၁ ခေါ် ဂေါ်ရာစစ်တပ်များ ချထားသော စစ်တန်းလျားများ သာ ဖြစ်လေရာ၊ ကျွန်တော် တို့ကို မြို့ မိမြို့ ဖများ က ''နေချင်တိုင်း ကျောင်းသား''ဟူသော ဘွဲ့ထူးဂုဏ်ဒြပ်တို့ဖြင့် ချီးမြှင့်တော် မူကြပါသည်။ ထိုခေတ်က အမျ ုးသားကျောင်းဆိုသည်မှာ အစိုးရကျောင်းများ နှင့် ဖြောင်ဖြောင့်ကြီး ဆန့်ကျင်လေသော ကြောင့် ၊ အမျိုးသားကျောင်းများ ၏ မျိုးချစ်စိတ်ဓာတ် မည် မျှထန်ပြင်းသည် မထန်ပြင်းသည်ကို ရေချိန်ကိုက် ကြည့်ရန်အလို့ငှာ၊ အစိုးရကျောင်းများ နှင့် ချိန်း၍ ဘောလုံးကန်ခြင်း အားဖြင့် ပြည်တွင် းစစ်ပွဲ အစမ်းလေ့ကျင့်ခန်းများ ကို ကျွန်ုပ်တို့ မျိုးချစ် ကျောင်းသားများ သည် လေ့ကျင့်ခဲ့ကြပါသည်။ နဖူးကွဲ၍ ဒူးပြဲရသော ထိုစိတ်ဓာတ်၏ အဟုန်ကြောင့် ၊ ဂေါ်ရာတို့က မျက်စိစပါးမွေးစူးသဖြင့် ၊ ကျွန်တော် တို့သည် ဂေါ်ရခါးစစ်တန်းလျားသို့ ပြောင်းရွှေ့ရပြန်ပါသည်။

သို့ သော် မျိုးချစ်စိတ်ကား တက်ကြွလျက်ပင်ရှိပါသည်။ သို့ ပေမယ့် တစ်ခါတစ်ခါ စဉ်းစားကြည့်မိသော်၊ ထိုစိတ်ဖြင့် ကိုယ်ကျိုးရှာလျှင် အတော် ဝင်ငွေဖြောင့်မည် ဟူသော သဘောကို တွေ့ ့ရပါသည်။

များ သော အားဖြင့် မြို့ မကျောင်း၌ အလုပ်လုပ်သော ဆရာတို့မှာ သပိတ်ဟူသော အစဥ်အလာနှင့် တကွ အမျိုးသားကျောင်းဟူသော ရိုးရာ ကို တည်တံ့စေလိုသော သဘောနှင့် အစစအရာရာ၌ အနစ်နာခံကာ၊ ရာထူးကြီးငယ် စသော မျှော်လင့်ချက်တို့ကို စွန့်ပယ်၍ အလုပ်လုပ်သူ ချည်းသာ ဖြစ်ပါ၏ ။ ထို့ကြောင့် များ စွာ သော ဆရာတို့မှာ သူတို့မိဘများ ထံမှ ဘန်ကောက်လုံချည်မှာ ပြီးလျှင်၊ လကုန်လျှင် ပေါင်၍ စားကြရသည်။ သို့ ရာတွင် ထိုမျိုးချစ်ဆရာတို့၏ အရိပ်အာဝါသကြားထဲတွင် ယခုခေတ် အခေါ်အားဖြင့် သွေဖီရေး အချောင်သမားများ လည်း ပါပါသည်။ ဥပမာ-

ရှေ့နေစာမေးပွဲဝင်ရင်းနှင့် ခရီးသွားဟန်လွှဲ ကျောင်းဆရာလုပ်သော ကျောင်းဆရာများ လည်း ပါကြပါ၏ ။ တစ်နှစ် သော် ထိုဆရာအမျိုးအစား ထဲမှ တစ်ယောက် သော ဆရာသည် လခပြည့်ဝအောင် မရသဖြင့် အခြား သော ဆရာများ ကို ခြိမ်းခြောက်ဟိန်းဟောက် ပြီးလျှင်၊ တပည့်များ ကို သွေးဆောင်၍ ကျောင်းဆရာသပိတ်ကြီးကို အသံမပေးဘဲ မှော က်လိုက် လေသည်။ ကျွန်တော် ကား ကျောင်းဆရာများ သပိတ်မှော က်သော် လည်း မိမိအရေး မဟုတ်။ အခြားကျောင်းသားများ ယောင်မှာ းသော် လည်း မိမိ၏ အမှာ း အ ဖြစ်မခံနိုင်။ ထို့ကြောင့် ဒီနေ့အထိ ကျောင်းသားပေါင်း နှစ် ရာသုံးရာကျော်တို့ တစ်ယောက် မျှ ကျောင်းမတက်သည့်နေ့တွင် မိမိတစ်ဦးတည်း ကျောင်းတက်လေသည်။

ကျွန်တော် ၏ အခန်းမှ လှမ်း၍ အသံဗလံများ ကြားလိုက်ရပါသည်။ လခမှန်မှန်မရသော သပိတ်ခေါင်းဆောင်ဆရာသည် ဆရာကြီး ဦးရွှေဇင် အား ကြိမ်းမောင်းနေသည်။ "အမျိုးသား၊ အမျိုးသားနဲ့ ဗိုက်ထဲမှာ အစာမရှိတော့ ဘယ်နယ်လုပ် ဝံသာနုရပမလဲ။ ခင်ဗျားကြီး ယီးတီး ယားတား မလုပ်နဲ့။ "စီ-အင်-အီး"၁ ဆီက ပိုက်ဆံရအောင်တောင်းပါ။ အဘိုးကြီးက အေးအေးနဲ့ ပျော့စိစိလုပ်ရင် မရဘူး။ အခုကြည့်စမ်း၊ ကျောင်းဆရာတွေ ရော ကျောင်းသားတွေ ရော ကျွန်တော် က မှော က်ဟေ့ ဆိုရင် အကုန်မှော က်တာပဲ"ဟူ၍ ကြိမ်းမောင်းရင်း၊ ဆရာကြီးအခန်းမှ ထွက်လာလေသည်။

"မှော က်တော့ဟေ့ဆိုရင် အကုန်မှော က်ရမယ်ဟေ့။ မင်းက ဒီမှာ ဘာလို့မမှော က်ရတာ လဲ"

ထိုစကားမှာ ဦးငွေဇင်အား ကြိမ်းမောင်းရင်း ကျွန်တော့်ကိုပါ တဆက်တည်း ကြိမ်းမောင်းလိုက်သော အသံ ဖြစ်လေသည်။ ကြိမ်းမောင်း ရုံမက သူက ကျွန်တော့်ကို ရိုက်မောင်းပုတ်မောင်းလုပ်ရန် ဟန်ပြင်ပါ သေးသည်။

ကျွန်တော့်မှာ အတော် အံ့အားသင့်သည်။ ထိုဆရာသည် အခန်း ထဲ၌ မျို းချစ်စိတ် ဝံသာနုစိတ်ဟူသော စကားကို အများ ဆုံး သုံးသူ ဖြစ် သည်။ သို့ သော် သူပိုက်ဆံရရာ ရကြောင်းအတွက် ထိုဝံသာနုနည်းကို သုံး၍ နောက်လိုက်စုထားခြင်း ဖြစ်လေသည်။ ထိုနည်း၏ အကျိုးအာနိသင် ကြောင့် သူ့အတွက် လခကို ဘိုင်ကျနေသော

အခါ၊ အနစ်နာခံကြရသူ ကျောင်းဆရာများ က စုဆောင်း၍ ပေးရသည်။ သူ့လခ အပြည့်အဝရမှ ပင်လျှင်၊ နောက်တစ်ရက်တွင် မည် သူမျှမသိလိုက်သော သပိတ်ကြီး လည်း ပန်လန်လက်ပြီး ပက်လက်လန်လေသည်။

သည်လို မျိုးချစ်စိတ်မျိုးနှင့် ကိုယ်ကျိုးရှာရရလျှင် ပိုက်ဆံရနိုင်သည် တကား။ သို့ ရာတွင် ကျွန်တော့်မှာ ဤမျှစိတ်ကူးပေါက်မိသော်လည်း တကယ်တန်းအားဖြင့် လုပ်ဝံ့လောက်အောင် သတ္တိရှိသည်မဟုတ်သော ကြောင့် ၊ ကျွန်တော် ၏ နောင်တော့်နောင်တော် များ သည်သာလျှင် နေရာ တကာ၌ ထိုနည်းဖြင့် အတော် ပွနေကြသည်ကိုကြည့်ရင်း သွားရည်ကျ ရုံသာ ကျဖုံ့ပါသည်။

မည် သို့ ပင်ဆိုစေကာမူ၊ ကျွန်တော် နှင့် တကွသော တစ်ကျောင်း တည်းထွက်သမားတို့၌ မျိုးချစ်စိတ်သည် ဒီရေအလားကဲ့သို့ တက်လျက်ရှိ ကြပါသည်။ ကျွန်တော် တို့ခေတ်အခေါ်အားဖြင့် ၊ ယူနီဗာစီတီကောလိပ် သိပ္ပံကျောင်းတော် ကြီးဟုတွင် သော တက္ကသိုလ်သို့ ရောက်သော အခါ၊ ကျွန်တော် တို့တစ်တွေ မှာ ရေတက်တုန်းပင် ရှိပါသည်။ ထိုစဉ်က အမျိုးသားကျောင်းများ မှ ကောလိပ်သို့ ရောက်သော ကျောင်းသားဦးရေ မှာ လူနှစ် ဆယ်အစိတ်မျှသာ ရှိပါဦးမည် ။ နောင်သော် တဖြည်းဖြည်း နှင့် လူများ လာလေလေ၊ ဝံသာနုဒီရေလည်း တက်လာလေလေ ဖြစ် သော ကြောင့် ၊ သက္ကရာဇ် ၁၉၃၆ ခုနှစ် တွင် ရေလွှမ်းမိုးလေသည်။ ရေလွှမ်းမိုးရခြင်း အကြောင်းများ အနက် မထင်ရှားသော လည်း အလွန် အရေး ပါသော အကြောင်းတစ်ရပ်မှာ ကောလိပ်ကျောင်း၌ အလွန် ကူးစက်တတ်သော မျိုးချစ်စိတ်ကျရောက်ခြင်းကြောင့် ဖြစ်လေသည်။

၁၉၃၀ ပြည့်နှစ် တွင် မျိုးချစ်စိတ်၏ အဖျားဒီဂရီသည် တစ်ရာ့ တစ်၊ တစ်ရာ့နှစ် လောက် ရှိမည် ။ အမှန်းပြောရခြင်း ဖြစ်ပါသည်။ ထိုစဉ် က အဖျားသွေးကို ချိန်မကြည့်မိလိုက်ပါ။ သို့ သော် ဘယ်နည်းနှင့် မဆို တစ်ရာ့တစ်အောက်သို့ လျော့မည် မထင်ပါ။ ထိုအတွင်း ၊ သခင်ဘသော င်း က 'တို့ဗမာ'ဟူသော တက်စာကို ကျွန်တော် တို့အား ကျွေးပါသည်။ ထိုတက်စာ စားမိသူတိုင်းမှာ ဒီဂရီ တစ်ရာ့လေးမှ ဒသ မငါးပင်လျှင် စွန်းသွားရပါသည်။ ထိုမျှ မျိုးချစ် ငန်းဖမ်းပြီလားဆိုလျှင်၊ ကျွန်တော် တို့ လူမမာတတွေ မှာ

"သခင်မျိုးဟော့ တို့ဗမာ"ဟူ၍ ကယောင်ကတန်း ထအော်မိပါသည်။ အော်ရသည့်အရသာမှာ အတော် ကောင်းပါ၏ ။ ယခု တိုင် အော်ကြည့်မိသည့်အခါတိုင်း ကြက်သီးမွေးညှင်း ထမိပါ၏ ။ အထူး သဖြင့် တို့ဗမာသီချင်းကိုဆိုလိုက်ရလျှင် ငှက်ဖျားတက်သကဲ့သို့ တစ်ကိုယ် လုံး ဖိမ့်ဖိမ့်တုန်သွားရပါသည်။ အမှန်အတိုင်း ဖွင့်ပြောရလျှင် ယခုတိုင် ပင် ထိုသီချင်းကလေးကို သာယာမိပါသည်။

ထိုအတွင် း သခင်ဘသော င်းသည် မျိုးချစ်စိတ် ထကြွဖွယ်ရာ စာပေတို့ဖြင့် လက်သံပြောင်ပြောင် အသုံးတော် ခံပါသည်။ ယခုကာလ သခင်စိုး၏ အလံနီစာတမ်းတို့ထက် စာပေအရသာ မြောက်ပါသည်။ အမှန်မှာ သခင်စိုး၏ လက်သံသည် စိန်ဗေဒါကြီးမရှိသည့် နောက် ဆရာ ဦးဘမောင်၏ ဆိုင်းဝိုင်းကဲ့သို့ ပင် ဖြစ်ပေသည်။ စင်စစ်သော် ကား သခင်စိုး သည် ထိုအခါက သခင်ဘသော င်းထံ၌ သင်တန်းတက်ရင်းနှင့် ၊ တော် လှန်ရေး ပထမသင်ခန်းစာကို သခင်ဘသော င်းအပေါ်၌ လက်တွေ ့ စမ်းသပ်ခဲ့ဖူးသည် မဟုတ်လော။

ဤနည်းဖြင့် လျှင် ကျွန်တော် နှင့် တကွသော အပေါင်းပါ တက် လူတို့မှာ တစ်ဖက်သားဆိုဆဲရသော မျိုးချစ်စိတ်ဓာတ်၏ အရိပ်အာဝါသ အောက်တွင် တဖြည်းဖြည်း ဖွံ့ဖြိုး ၍ လာရပေသတည်း။

သို့ ရာတွင် ဆရာစံသူပုန်ပြီးသည့်နောက်အဖို့၌ ကား၊ အဆဲသမား မျိုး ချစ်တက်လူတို့မှာ အလုပ်သမားမျိုးချစ်ပုဂ္ဂိုလ်ဘဝသို့ ရောက်ခဲ့ရလေ သတည်း။

ကျွန်တော် သည် အောင်ဆန်း သခင်ဘဝနှင့် ပြောဟောခဲ့သည်ကို မကြားနာခဲ့ရဖူးသော် လည်း၊ ဝံသာနုရက္ခိတသမားပီပီ အလုပ်လုပ် ခဲ့သည်ကိုမူ တွေ ့ခဲ့ရဖူးပါသည်။ ထို့ကြောင့် မိမိထက်ပင် ငယ်သော် လည်း အကြည်ညိုကြီး ကြည်ညို မိခဲ့ပေသည်။ နိုင်ငံရေး နယ်ပယ်ထဲတွင် အောင်ဆန်း ကျက်စားနေသော အခါ၊ အကျွန်ုပ်ကား သခင်တွေ နှင့် မိတ်မပျက်ဘဲ ကျွန်ုပ်အလုပ်လုပ်နေသော အခါကြီး ဖြစ်သည်။ သို့ ရာတွင် ကျွန်တွင် း၌ နစ်ခဲ့စဉ်က ရရှိသော တရားထူးတစ်ခုမှာ ၊ သခင်မှန်သမျှ အမျိုးနှင့် တိုင်းပြည်အတွက် ကျွန်ခံသည့်တစ်နေ့တွင် လွတ်လပ်သော လူမျိုးအနေဖြင့် မြန်မာပြည်ကောင်းစားရမည် ဖြစ်သည်ဟူသော တရား ထူးပင်တည်း။ သို့ သော် ယခု

ကာလပေါ်နိုင်ငံရေး ပါရဂူတို့က ဤတရား ကို ခေတ်နောက်ကျပြီဟု ဆိုကြလေမလား။

တစ်နေ့သော် အောင်ဆန်းသည် စကော့ဈေးစာအုပ်ဆိုင်တစ်ဆိုင်မှ ထွက်၍၊ စကော့ဈေးလက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လေသည်။ အောင်ဆန်း ကား ထိုစဉ်က ဂျပန်ပြန်စကခေါင်းတုံးဆံတောက်မျိုးဖြင့် ခေါင်းတွင် တနေ်ဆာဆင်ထားသည်။ သူ့ကို ကျွန်တော် တွေ့လျှင်တွေ့ချင်း-

''ဘယ်နှယ့်ကိုယ်လူ-ဘာအကြံများ ထုတ်နေသလဲ'' ဟု မေးသည်။

''ဟဲ - ဟဲ - ဟဲ''ဟုပြောရင်း သွားပြဲအောင် ရယ်လိုက်သည်။

''ဟဲ - ဟဲ ခရမှာ လည်း အဆံနဲ့ လူမှာ လည်း အကြံနဲ့ပေါ့ဗျာ'' ဟု ဆက်၍ ကျွန်တော့်အမေးကို ပြန်ဖြေသည်။

ကျွန်တော် တို့နှစ် ယောက် စကားဆက်မပြောဘဲ လက်ဖက်ရည်သောက်ကြသည်။ ပြီးသော် ကျွန်တော် က အလိုက်သိစွာ ဖြင့် လက်ဖက် ရည်ဖိုးပိုက်ဆံပေးသည်။

ထိုစဉ်က လွတ်လပ်ရေး ဟု ပြော၍ နေသော်လည်း၊ ဒီလွတ်လပ်ရေး က ဘယ်ချောင်က ပေါ်လာမှာ တုံး၊ လွတ်လပ်အောင်လုပ်မှ လွတ်လပ် မည် ။ ဘယ်လိုလုပ်ကြမလဲ။ ခံချရမလား။ ဘယ်သူက ခံချမတုံး။

ကျွန်တော် သည် ရန်ကုန်ကနေ၍ ဟင်္သာတသို့ ပြန်သော အခါမှ အဖြေမှန်ထွက်လာလေသည်။ အကြောင်းမူကား သခင်အောင်ဆန်း တည်းဟူသော ဝရမ်းပြေးအား ဆုတော် ငွေ ငါးကျပ်ထုတ်ပြန်လိုက်ပြီ ဖြစ်သော ရာဇဝတ်ဝန်သည် ဟင်္သာတသို့ ပြောင်းလာပြီ ဖြစ်သော ကြောင့် တည်း။

ဤသို့ လျှင် မျိုးချစ်စိတ် ကန့်လန့်ကန့်လန့်နှင့် ကျွန်တော် သည် နိုင်ငံရေး သမားများ နှင့် ထွေးလုံးရစ်ပတ် ဖြစ်ရပြီးလျှင်၊ စစ်ကြီးအတွင်း ငယ်သိငယ်ပေါင်း မိတ်ဆွေဟောင်းများ နှင့် ရန်ကုန်မြို့ တွင် ပြန်ပေါင်း ထုပ်ရလေသည်။

ဂျပန်ခေတ်ရောက်ခါမှ လွတ်လပ်ရေး ၏ အရသာ ပေါ်သည်။ အဘယ်ကြောင့် ဟူမူ၊ ကျွန်တော် တို့ မလွတ်လပ်သော ကြောင့် ဖြစ်သည်။

အင်္ဂလိပ်လက်ထက်က လွတ်လပ်ရေး "သခင်ဘ၀" စသည်ဖြင့် အဘယ်မျှပင် ပြောသော်လည်း၊ လွတ်လပ်ရေး ကို ဟုတ်တိပတ်တိ ပေးလျှင် လိုချင်ကြမည် မဟုတ်။ ယခု ဂျပန်ကဝင်၍ "အုပ်မှ" လွတ် လပ်ရေး ကို တကယ်တောင့်တကြသည်။ ထို့ကြောင့် ဂျပန် ဝင်စက အစပြု၍ ဂျပန်ကို ချဖို့သာလျှင် ကျွန်ုပ်တို့တွေ စိတ်ကူးပေါက်မိကြသည် မဟုတ်ပါလော။

ဂျပန်ကို ခံချမည် ဖြစ်သော သူတို့လည်း ပြေးပေါက်ရှာနေပြီ။ ဂျပန် ဓားအောက်၌ အလုပ်လုပ်ရသည်မှာ အလွန်အလုပ်တွင် သည်။ သိုက်သိုက် မြိုက်မြိုက်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပြီးလျှင်၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်သော ကြောင့် ၊ အလုပ်လုပ်ရသည်မှာ ပျော်ဖို့ ကောင်း တော့သည်။ သို့ သော် ဂျပန်ကို ခံချဖို့ကိစ္စကို တွေးကြည့်သော် အလွန် ကြောက်စရာကောင်းသည်။

မည် မျှပင် ကြောက်စရာကောင်းစေကာမူ မျိုးချစ်စိတ်သည် အကျွန်ုပ်အား ရဲဆေးထိုးပေးနေလေရာ၊ ထိုစိတ်ဖြင့် ဂျပန်ညွှတ်ကွင်းက လွတ်ကင်းအောင် ရုန်းခဲ့ကြသည်။

ဤသို့ လွတ်အောင်ရုန်းခဲ့ရာတွင် ၊ ကျွန်ုပ်တို့သည် အမျိုး၏ အဖူး အညှောင့် ဖြစ်ကုန်သာ သူတို့၏ အသက်သွေးခဲတို့ကို လွတ်လပ်ရေး ယဇ်ပလ္လင်၌ ပူဇော်ခဲ့ရလေသည်။ ထိုစဉ်က ကျွန်တော် သည်"အာဇာနည် မိခင်"ပြဇာတ်ကို ရေး ရင်း၊ ဂျပန်အပြေး၌ မြန်မာပြည်တွင် အာဇာနည် မိခင်များ ကျန်ရစ်ခဲ့မည် ကို မျှော်တွေ းမိသည်။ ယင်းသို့မျှော်တွေ းရာ တွင် မှ ဂျပန်များ ပြေးကြသော အခါ အကျွန်ုပ်တို့၏ ကျေးရူးရှင် မိခင် ဖခင်များ တို့မှာ အာဇာနည်မိခင် ဖခင် ဖြစ်ရသည်ကို ကိုယ်တွေ့ ကြုံရ လေသည်။ ကျွန်ုပ်၏ ညီငယ်သည် ကျွန်ုပ်လွတ်လပ်သော မြန်မာလူမျိုး ဘ၀သို့ ရောက်ရန်အတွက် အသက်ပေးခဲ့လေပြီတကား။

သို့ သော် အမှန်မှာ သူ့ အတွက် အကျွန်ုပ်သည် လက်ခမောင်း ပင်လျှင်ထ၍ ခတ်လိုသည်။ သူ့ အသက်ကို ပေးခဲ့သော ကြောင့် ကျွန်ုပ်၏ ရင်တွင် းဝယ်ရှိရင်းစွဲ မျ

းချစ်စိတ်တို့မှာ သူထားရစ်သော မျိုးချစ်စိတ် တို့နှင့် ပေါင်းစပ်၍ သွားရပြန်ပြီတကား။

မိုလ်ချုပ်ဆုံးသော နေ့၌ ကျွန်တော် သည် မိုးရွာထဲတွင် မော်တင် လမ်းမှသည် အသံလွှင့်ရုံသို့ တစ်ကိုယ်တည်း ခြေကျင်လျှောက်ပြန်ရင်း၊ တောင်မြောက်လေးပါးတို့ကို တွေးမိသည်။ ကျွန်တော် ၏ ညီငယ်သည် သစ္စာဖောက်သော ဗမာ တစ်ယောက် ၏ လက်ချက်ကြောင့် ဂျပန် အသတ်ခံ ရသည်။ သတ်သူမှာ ဂျပန် ဖြစ်သော ကြောင့် တော်ပါသေး၏ ။ မိုလ်ချုပ် သည် သစ္စာဖောက်သော ဗမာ တစ်ယောက် လက်ချက်ကြောင့် ဗမာ အသတ်ခံရသည်။ ဩော် ချစ်လိုက်ရတဲ့အမျိုး။ သည်အမျိုးကိုမှ ချစ်မိ ပလေ။ ယခုနေအခါ မိုလ်ချုပ်ကို နှိုးရလျှင် နှိုးပြီး မေးလိုက်ချင်စမ်းသည်။ အမျိုးကို ချစ်သေးသလား။

မမေးနှင့်တော့၊ မမေးနှင့်တော့။ မိုလ်ချုပ်နိုးလာလျှင် "ချစ်သေး တယ်"ဟူ၍ ပင်လျှင် ဖြေဦးမည် ။

မိုလ်ချုပ်အသတ်ခံရသည့်နေ့မှစ၍ ၊ ကျွန်ုပ်၏ ညီသည် တဖန်ပြန်၍ ရှင်လာပြီးလျှင်၊ မိုလ်ချုပ်သည်လည်း ဘယ်နံ့ရောခါမျှမသေတော့ချေ။

သူတို့၏ ကျေးဇူးကြောင့် ကျွန်တော် သည် ၁၉၄၈ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်၏ ကျွန်ဘဝမှ စုတေစိတ်ကျခဲ့၍ ၊ မြန်မာ့ကျွန် ဘဝ၌ ပဋိသန္ဓေတည်ခဲ့ရလေသည်။ အချို့သော ကေစိဆရာတို့က လွတ်လပ်သော နေ့တွင် အပျော်ကြီးပျော်သည်ဟု စာဆိုရှိသည်။ ကျွန်တော် ကား ပျော်လည်းမပျော်။ ဝမ်းလည်းမနည်း။ ရှေ့အဖို့၌ ကျွန်ခံ၍ လုပ်ရမည့် အလုပ်များ ကိုသာလျှင် တစ်ခုပြီးတစ်ခု တွေးမိလေသည်။ လွတ်လပ်သော လူမျိုးတစ်မျိုးအနေဖြင့် ပွဲလယ်တင့်အောင် အလုပ်လုပ်ရမည် ။ ယခုမှ ထိုအလုပ်ကို စရတော့မည် ။

မျိုးချစ်စိတ်ဆိုသဟာလည်း ယခုမှ အစပြုရပေတော့မည် ။

သို့သော် ခဏဆိုင်းပါဦး ခဏဆိုင်းပါဦး။ သိပ်ပြီး လောမကြီးစမ်း ပါနှင့် ။ နားထောင်စမ်းပါ။ ဟို-ရန်ကုန်မြို့ မြောက်ဘက်က ဘာသံပါလိမ့်။

ဒိန်းဆိုသည့်အသံ ကတော့ စိန်ပြောင်းအသံ ဖြစ်ပါသည်။ ဒိုင်းဆိုတာ တော့

ရှိင်ဖယ်သံပါပဲ။ ဒက်-ဒက်-ဒက် ဆိုသည်မှာ စက်သေနတ်သံ ဖြစ်ပါသည်။

သို့ ဖြစ်လျှင် ဘယ်သူက ဘယ်သူ့ကို ဘာ့ကြောင့် ဟဝှာပြုနေကြ ပါသတုံး။

သည်လိုလေ၊ သည်လို၊ သည်လို။ ကျွန်တော် တို့က မျိုးချစ်ပုဂ္ဂိုလ် တွေ ချည်းပဲ ဖြစ်လေတော့၊ ကျွန်တော် တို့ မျိုးချစ်တွေ ဆင်းရဲသည်ကို မကြည့်ရက်နိုင်သော ကြောင့်၊ မျိုးချစ်ပုဂ္ဂိုလ်အချင်းချင်းတို့သည် ဆင်းရဲ ခြင်းမှ ချုပ်ငြိမ်းရာအရပ်သို့ အလျင်အမြန်ရောက်အောင် တစ်ယောက် တစ်လှည့်စီ ပို့ပေးနေခြင်း ဖြစ်ပါသည်။

သြော် ...လက်စသတ်တော့၊ မျိုးချစ်စိတ်တွေ ပေါက်ကွဲ၍ နေတာ ပါကလား။

ဘုရား၊ ဘုရား၊ အစိန္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော် အစုံ၊ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော် မူသော မြတ်စွာ ဘုရား။ မျိုးချစ်စိတ်၏ အစသည် မျိုးချစ်စိတ်၏ အဆုံးမ ဖြစ်ပါရစေနှင့် အရှင်ဘုရား။

*